http://www.dhammadownload.com

ဦးဟုတ်စိန်၊ ဘီ၊ အေ(ဂုဏ်ထူး)၊ ဘီ၊ အယ်(လ်)၊
စုရုံးပေါင်းဟပ် စီရင်အပ်သော

ပဒတ္ထမဉ္ဇူသာ

ဟူသော

ပါဠိ-မြန်မာအဘိဓာန်

http://www.dhammadownload.com

ဖြန့်ချိရေး

၁။ ပိဋကတ္တိုဟာအဖွဲ့
(မဂ်လာတ္တိုဟာအသင်းချုပ်အဆောက်အအုံ)
အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၃၇၀၉၅၈

၂။ ဓမ္မမိုးသောဇေယျ
အမှတ်(၁၂၀)၊ ၃၄-လမ်း
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၃၈၈၉၅၅

http://www.dhammadownload.com

ခပ်သိမ်းသော ရဟန်းရှင်လူတို့အား ပါဠိတော် အဋ္ဌကထာ ဋီကာတို့ကို
သင်အံရွတ်ဘတ် လေ့ကျက်မှတ်သား ပြသပို့ချရာ၌
အထောက်အပံ့ကို ရစေခြင်းအကျိုးငှာ ရည်ကြဲ၍
မြန်မာနိုင်ငံတော် အမွေနှင့် ပစ္စည်းထိန်းဝန် တရားလွှတ်တော်ရှေ့နေကြီး
(ယခင် အမေရိကန် နှစ်ခြင်း ကောလိပ်ကျောင်း ပါဠို-မြန်မာဆရာ)

ဦးဟုတ်စိန် ၊ ဘီ၊ ဇေ၊ (ဂုဏ်ထူး)၊ ဘီ၊ အယ်(လ်)၊

စုရုံးပေါင်းဟာ်ံ စီရင်အပ်သော

ပဒတ္ထမဉ္ဇူသာ

ဟူသော

ပါဠိ–မြန်မာအဘိဓာန်

ပုဒ်နက်တို့ကို ထင်ရှား:ပေါ်လွင်စေခြင်း:ငှာ ပုဒ်ရင်း:တို့၌ ဥပသာရ ဓါတ်ပစ္စည်း:
ဝေဘန်၍ သဏ္ဌာန်တူညီသော သက္ကတပုဒ်တို့ကိုလည်း: ယှဉ်ပြိုင်ထည်သွင်း:
ဖော်ပြထား:ပါသည်။

http://www.dhammadownload.com

သာသနာရေးဦးစီးဌာနအတွက်
ဦးရဲမြင့် (မြဲ - ဝ၆၁၀၃)၊
ချမ်းသာရောင်စုံပုံနှိပ်တိုက်၊ အမှတ် - ၅၃/၆၊ ၅၅လမ်း၊
ပုဇွန်တောင်မြို့နယ်က ပုံနှိပ်၍
ညွှန်ကြားရေးမှူး ဦးဇာနည်ဝင်း (ဝ၃၈၄၃/ဝ၂၄ဝ၅)
ထုတ်ဝေသည်။

http://www.dhammadownload.com



ဦးဟုတ်စိန်၊ဘီအေ(ဂုဏ်ထူး)၊ဘီအယ်လ်၊

ပဒတ္ထမဋ္ဌသာ ပါဠိ-မြန်မာအဘိဓာန် နှင့် အများသုံးမြန်မာ-အင်္ဂလိပ်-ပါဠိအဘိဓာန် ပြုစုသူ

http://www.dhammadownload.com

http://www.dhammadownload.com

အောင်မြေဘုံစံဆရာတော်၏

အမှာစာ

ဤကမ္ဘာလောကကြီး၌ အကယ်၍သာ လမင်းစန္ဒာပေါ်ထွန်းမလာသည်ရှိသော် ရောင်ခြည်အထောင်အလင်းဆောင်သော နေမင်းသူရိယာ ပေါ်ထွန်းမလာသည်ရှိသော် ကမ္ဘာသူကမ္ဘာသား သတ္တဝါအများတို့သည် လမ်းမသိ ကမ်းမမြင် ဖြစ်ကြရာသကဲ့သို့ ထိုနည်းတူစွာသာလျှင် လောကသုံးခွင် ဘုံအပြင်၌ သတ္တဥ္ဇာ ဘုရားရှင်တည်းဟူသော နေမင်းလမင်းသည် ပေါ်ထွန်းမလာသည်ရှိသော် လူနတ် ဗြဟ္မာ ပုထုဇဉ် သတ္တဝါအများတို့သည် ရုပ်နာမ်ဓမ္မသခ်ါရတို့၏ ဖဿဝေဒနာသညာစသော အမည်မျှကိုပင် သိမြင်နိုင်ကြမည် မဟုတ်ပေ။

နေမင်းလမင်းအလား သတ္တဥ္ဇာမြတ်စွာဘုရားတို့ ပွင့်ထွန်းတော်မူပြီးလျှင် သုတ္တန်ဝိနည်းအဘိဓမ္မာသုံးဖြာသော ပိဋကတ်တို့ကို ခွဲခြမ်းစိတ်ဖြာ၍ ဟောကြားတော်မူမှသာလျှင် မြတ်ဗုဒ္ဓ၏ အထံတော်မှ ကြားနာမှတ်သားရ၍ ပါရမီအလိုက် ထိုက်သည့်အားလျော်စွာ ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြလေသည်။

(ဝိ - ၅၊ ၁၅၇)

ရှည်ကြာသော သက်တမ်းရှိသော ကာလ၌ပွင့်တော်မူကြကုန်သော ဘုရားရှင်တို့သည်တရားဒေသနာတော်ကို အကျယ်အားဖြင့် ဟောတော်မမူကုန် အကျဉ်းအားဖြင့်သာ ဟောတော်မူကုန်၏။ထိုဘုရားရှင်တို့၏ တပည့်သာဝကကြီးတို့သည်လည်း တရားဒေသနာတော်ကို အကျဉ်းအားဖြင့် ဟောတော်မူရုံမျှဖြင့် မဂ်တရားဖိုလ်တရားတို့ကို ရရှိနိုင်ကြကုန်၏။ တရားဒေသနာတော်ကို အကျယ် မဟောခြင်းကြောင့် ထိုဘုရားရှင်တို့နှင့် ထိုဘုရားရှင်တို့၏ တပည့်သာဝကကြီးတို့ ပရိနိဗ္ဗာန်ပြု၍ ကွယ်ပျောက်သွားကြသည်ရှိသော် သာသနာတော်သည်လည်း တစ်ပါတည်း ကွယ်ပျောက်သွားတော့သည်။ (ဝိ - ၁၉။ ဝိ-၌- ၁၊ ၁၅၃)

ကျွန်ုပ်တို့၏ အားထားရာ မှီခိုရာ ကိုးကွယ်ရာ ဖြစ်တော်မူသော ဂေါတမမြတ်စွာသည်ကား တိုသော သက်တမ်းရှိသော ကာလ၌ ပွင့်တော်မူသောကြောင့် တရားဒေသနာတော်ကို အကျယ်အားဖြင့် ဟောတော်မူပြီးလျှင် နောင်လာနောက်သား သတ္တဝါအများ၏ လောကီ လောကုတ္တရာ အကျိုးစီးပွား များကို ဖြည့်ဆည်းတော်မူခဲ့သည်။ ထို့ကြောင့် နောင်လာ နောက်သား သတ္တဝါအများတို့သည် ဗုဒ္ဓဂေါတမ ဟောကြားတော်မူခဲ့သည့် တရားဒေသနာတော်များအတိုင်း ကျင့်ကြံအားထုတ်ကြလျှင် မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အခွင့်အလမ်းများ ရှိနေကြလေသည်။

(ဝိ -၌-၁၊ ၁၅၃)

ထို ဂေါတမမြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားဒေသနာတော်တို့သည် နက်နဲကျယ်ဝန်းလှကုန်၏။ ယခုအခါ အထင်အရှား တည်ရှိနေသော နိကာယ်ငါးရပ် ပိဋကတ်သုံးသွယ် ဓမ္မက္ခန္ဓာပေါင်းရှစ်သောင်းလေးထောင်တို့သည် ဂေါတမမြတ်စွာဘုရား(၄၅)ဝါတို့ပတ်လုံး ဟောတော်မူခဲ့သည့် ဒေသနာတော်များ၏ တစ်စိတ်တစ်ဒေသမျှသာဖြစ်ပေသည်။ ထိုတစ်စိတ်တစ်ဒေသမျှသာ ဖြစ်သော ပါဠိတော်များ

http://www.dhammadownload.com

ကိုပင် တူညီသောဝါကျများကို ပေယျာလပြုလုပ်ပြီး အတိုချုံး၍ ပုံနှိပ်ရာ ပါဠိတော်အုပ်ရေ (၄၀)တိတိ ရှိလေသည်။ ပေယျာလပြုလုပ်၍ မြုပ်ထားသော ဝါကျများကို ဖော်ထုတ်လိုက်လျှင် အဆပေါင်း ဆယ်ဆမက ကျယ်ပြန့်လာနိုင်ပေသည်။ ထို့ကြောင့် မြတ်စွာဘုရား ဟောကြားတော် မူအပ်သော နိကာယ်ငါးရပ် ပိဋကတ် သုံးသွယ်သည် သံသရာပင်လယ် ရေပင်လယ်၊ နည်းပင်လယ် ဉာဏ်ပင်လယ်ဟူသော ပင်လယ်အဏ္ဏဝါကြီးလေးသွယ်တွင် အလွန်တရာ ကျယ်ဝန်းလှသော နည်းပင်လယ်ကြီးပင် ဖြစ်လေသည်။ (အဘိ-ဋ၊ ၁၊ ၁၁၊ ၁၂၊ ၁၃၊ ၁၃)

ထိုနည်းပင်လယ်ဟု ခေါ်ဆိုအပ်သော ဒေသနာတော်များကို မြတ်စွာဘုရားသည် အကြောင်းအထွေပြတို့ပေါ် ပေါက်၍ နှုတ်တော်ဖြင့် ထုတ်ဖော်ဟောကြားတော်မူခဲ့၏။ အကြောင်းအထွေပြတို့ မပေါ် ပေါက်၍ နှုတ်တော်ဖြင့် ထုတ်ဖော်မဟောအပ်သော ဒေသနာတော်တို့သည်လည်းမြောက်များစွာ ရှိနေကြသေး၏။ (သံ - ၅- ၃၈၃) ထို့ကြောင့် မြတ်စွာဘုရားဉာဏ်တော်သည် ယာဝတကံနေယျ၊ တာဝတကံဉာဏ်၊ ယာဝံတကံဉာဏ်၊ တာဝံတကံနေယျဟူသော မဟာနိဒ္ဒေသ ပါဠိတော်နှင့်အညီ အဆုံးအပိုင်းအခြားမရှိသော သိစရာတို့ကို သိတော်မူသော၊ အဆုံးအပိုင်းအခြားမရှိ များပြားလှစွာသော အနန္တဉာဏ်တော်များပင်ဖြစ်၏။ ထိုအနန္တဉာဏ်တော်များဖြင့်သိတော်မူ၍ ဟောကြားတော်မူအပ်သော ဒေသနာတော်တို့သည် အလွန် များပြားကုန်၏။ ထိုစကားမှန်၏ မြတ်စွာဘုရားတို့၏ နံနက်အခါ၌ ဆွမ်းအနုမောဒနာပြုရန်အလို့ငှာ ဟောကြားတော်မူအပ်သော ဒေသနာတော်တို့သည် ဒီဃနိကာယ် မဇ္ဈိမနိကာယ် ပမာဏရှိကုန်၏။ ဆွမ်းစားပြီး နောက်ကာလ၌ ရောက်လာသော ပရိသတ်အား ဟောကြားတော်မူအပ်သော ဒေသနာတော်တို့သည် သံယုတ္တနိကာယ် အင်္ဂုတ္တရနိကာယ်ဟူသော နိကာယ်ကြီးနှစ်ပါး ပမာဏရှိကုန်၏။ (အဘိ-ဋ-၁၊ ၁၆)

ထိုသို့များပြားလှစွာသော ဒေသနာတို့ကို ဟောကြားတော်မူသော မြတ်စွာဘုရားသည် ဘာသာစကားအားလုံးတို့၏ ပေါက်ဖွားရာဖြစ်သောကြောင့် မူလဘာသာမည်သော မာဂဓဘာသာဖြင့် ဟောတော်မူ၏။ ထိုမာဂဓဘာသာသည်ပင် မြတ်သောသီလ သမာဓိ ပညာစသော စကားတို့၏ အစဉ်ဖြစ်သောကြောင့် ပကဋ္ဌာန် မြတ်သော သီလ သမာဓိ ပညာ စသောစကားတို့၏ အာဋ္ဌအစဉ်တည်းဟူသော ဝစနတ္ထကြောင့် ပါဠိဘာသာမည်ရပြန်၏။ ထိုပါဠိဘာသာကို နားလည်နိုင်ရန် ပါဠိဘာသာ၏ အဝင်တံခါးသဖွယ်ဖြစ်သော ပါဠိသဒ္ဒါဆိုင်ရာ ကျမ်းစာများကို အခြေခံအဖြစ်ဖြင့် ရှေးဦးစွာ လေ့လာသင်ကြားရ၏။ ထိုလေ့လာ သင်ကြားအပ်သော ပါဠိသဒ္ဒါဆိုင်ရာ ကျမ်းစာများသည် ကစ္စည်းကျမ်း၊ ရူပသိဒ္ဓိကျမ်း စသည်ဖြင့် များစွာရှိရာ ထိုတွင် ပါဠိအဘိဓာန်ကျမ်းသည်လည်း တစ်ကျမ်းအပါအဝင်ဖြစ်၏။ ထို့ကြောင့်လွန်ခဲ့သော နှစ်ပေါင်း ရှစ်ရာကျော်လောက်က သီဟိုဠ်အရှင်မောဂ္ဂလာန်ထေရ်သည် အဘိဓာနပ္ပဒီပိကာခေါ် ပါဠိအဘိဓာန်ကျမ်းကို ရေးသားတော်မူခဲ့၏။ ထိုကျမ်းသည် ပါဠိအဘိဓာန်ကျမ်းသာဖြစ်၍ ပါဠိမြန်မာ အဘိဓာန်ကျမ်းကား မဟုတ်ပါပေ။ ထို့ကြောင့် ပါဠိမြန်မာ အဘိဓာန်ကျမ်း လိုအပ်လျက်ရှိရာ ဦးဟုတ်စိန် အမည်ရှိသော ဥပါသကာကြီးသည် ပုဒ်ပေါင်းငါးသောင်းကျော်ပါဝင်သော ပါဠိမြန်မာ အဘိဓာန်ကျမ်းကို ရေးသားပြုစုခဲ့လေသည်။ ထိုအဘိဓာန်

http://www.dhammadownload.com

ကျမ်းကို ၁၉၅၄ - ခုနှစ်မှ ၁၉၅၉ - ခုနှစ်ထိ အတွဲ(၄)တွဲခွဲ၍ တစ်ကြိမ်ပုံနှိပ်ခဲ့ရာ အုပ်ရေနည်းသည်က တစ်ကြောင်း ပုံနှိပ်ပြီးခါနိန် ကြာမြင့်ပြီဖြစ်သည်က တစ်ကြောင်းကြောင့် ယှဉ်အခါ ထိုစာအုပ်သည် ရှားပါးစာအုပ် အဖြစ်သို့ ရောက်ရှိနေပြီးဖြစ်ပါသည်။ ထို့ကြောင့် ပိဋကတ္ထိုဟာအဖွဲ့ကြီး၏ ရည်ရွယ်ချက် ငါးခုအနက် အမှတ် (၃) ရည်ရွယ်ချက်ဖြစ်သော

"ကျမ်းစာအုပ်အဖြစ်သို့ ရောက်ဖူးသော်လည်း ပရိယတ္တိသာသနာတော်အ ဘက် ကျေးဇူးများသည့် ပြတ်လပ်ရှားပါးသော ကျမ်းစာအုပ်တို့ကို အခါအားလျော်စွာ ပြန်လည်ရိုက်နှိပ်အ ဖြည့်ပေးရန်။"

ဟူသော သာသနာအတွက် မွန်မြတ်သော ရည်ရွယ်ချက်နှင့်အညီ ဤပါဠိမြန်မာ အဘိဓာန်ကျမ်းကို ရိုက်နှိပ်ရန် ဥက္ကဋ္ဌကြီး ဦးအောင်သိမ်းအမှူးပြုသော ဗဟိုအမှုဆောင်လူကြီးများက ဆုံးဖြတ်ခဲ့ပါသည်။ ထိုဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရန်အတွက် ငွေကြေးအကုန်အကျခံနိုင်မည့် ဒါယကာ ရှာဖွေရာ ရန်ကုန်၊ သုဝဏ္ဏမြို့ (၂၅)ရပ်ကွက်၊ ပျဉ်းမမြို့နယ်၊ တိုက်အမှတ် (၂၉၉/၄)တွင် နေထိုင်ပြီး ပုစွန်တောင်မြို့နယ်၊ (၅၅)လမ်း၊ အမှတ် (၅၃/၆)တွင် ချမ်းသာပုံနှိပ်တိုက်ကိုလည်းကောင်း၊ ကျောက်တံတားမြို့နယ်၊ (၃၄)လမ်း၊ အမှတ်(၁၂၀)တွင် ချမ်းသာစာပေကိုလည်းကောင်း ဖွင့်လှစ်လုပ်ကိုင်နေသော ဦးရဲမြင့် မိသားစုက ငွေကြေး အကုန်အကျခံပြီး ပုံနှိပ်ရန် သဒ္ဓါကြည်ဖြူ တာဝန်ယူသဖြင့် ပိဋကတ္ထိုဟာအဖွဲ့ကြီးက ဝမ်းမြောက်ဝမ်းသာ ပုံနှိပ်ခွင့်ပြုလိုက်ရာ - ကမ္ဘာဦးအစ ခါသမယ၌ အလင်းရောင်မရှိသဖြင့် အမှောင်ထုကြီးအတွင်း၌ နေထိုင်ကြရကုန်သော ကမ္ဘာသူ၊ ကမ္ဘာသား လူအများတို့သည် ကြောက်ရွံ့ထိတ်လန့်သော စိတ်တို့ဖြင့် နေထိုင်ကြရစဉ် အရှေ့လောကဓာတ်မှ ရောင်ခြည်အထောင် အလင်းဆောင်သော နေမင်းကြီးထွက်ပေါ်လာသောအခါ ရဲရင့်တက်ကြွ အားရဝမ်းသာဖြစ်ကြရသကဲ့သို့ ထိုအတူ တိမ်မြုပ်ကွယ်ဝှက် အသိခက်ဖြစ်နေသော ပုဒ်ပါဠိအက္ခရာတို့ကြောင့် မောဟိုက်ပင်ပန်းစွာ စခန်းသွားနေရသော ပါဠိသင်ကြား သောတုဇန အများတို့သည် နေမင်းကြီးနှင့်တူသော ပါဠိမြန်မာ အဘိဓာန် ကျမ်းကြီးထွက်ပေါ်လာပြီဖြစ်၍ အားရကြည်နူး ရွှင်မြူးဝမ်းသာ လွယ်ကူစွာဖြင့် အတ္ထပဒ စသည်တို့ကို လေ့လာနိုင်တော့မည်ဖြစ်ကြောင်း သတင်းကောင်း ပါးလိုက်ရပါသတည်း။

ဘဒ္ဒန္တပညိန္ဒာ ဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ)
နိုင်ငံတော် သံဃမဟာနာယကအဖွဲ့
ဒုတိယဥက္ကဋ္ဌ
မဟာအောင်မြေဘုံစံကျောင်းတိုက်
ဗဟန်းမြို့နယ်၊ ရန်ကုန်။

http://www.dhammadownload.com

http://www.dhammadownload.com

ပဒတ္ထမဉ္ဇူသာပါဠိမြန်မာအဘိဓာန် ပြန်လည်ထွက်ပေါ်လာခြင်း ဘဒ္ဒန္တတိလောကသာရ

(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)

အဘိဓာန်ဟူသည် လူမျိုးတိုင်း၏ ဘာသာစာပေတိုင်းမှာပင်ရှိရသည်၊ လူတို့၏ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ မပျက်မပြား တည်တံ့ခိုင်ခဲ့နေအောင် ဇီဝိတိန္ဒြေဟူသော အသက်ဓာတ်က စောင့်ကြပ်နေသကဲ့သို့ လူမျိုးတိုင်း၏ စာပေတည်တံ့ခိုင်ခဲ့နေအောင် ယင်းတို့၏ဆိုင်ရာ အဘိဓာန်တို့က စောင့်ကြပ်နေရသည်ဟု ဆိုနိုင်ပါသည်၊ ထိုအဘိဓာန်ဟူသည်ကို- "အဘိဓာန်ဆိုသည်မှာ ဘာသာရပ်တစ်ခု၏ ဝေါဟာရစ ကားလုံးများကို အက္ခရာဝလိအရစီစဉ်၍ အနက်အဓိပ္ပါယ်နှင့် အခြားသိအပ်သော အချက်အလက်တို့ကို ထိုဘာသာရပ်ရပ်ဖြင့်ဖြစ်စေ အခြားဘာသာတစ်ရပ်ဖြင့် ဖြစ်စေ ဖော်ပြထားသော စာအုပ် ဖြစ်သည်"ဟု မြန်မာ့စွယ်စုံကျမ်း (၁၄-၁၃၂)တွင် အဓိပ္ပာယ်ဆိုထား၏။

"အဘိဓိယတေ ဘာသိယတေတိ အဘိဓာနံ၊ အဘိပုဗ္ဗ-ဓာ ဘာသနေ၊ ယု" -အဘိဓာနဟူသော ပါဠိဝေါဟာရမှာလည်း အဘိရှေးရှိသော ဓာဓာတ်၊ ယု-ပစ္စည်းဖြစ်၍ ပြောဆိုဖော်ပြ, အဓိပ္ပာယ်အရ ပုဒ်တိုင်းပုဒ်တိုင်း၏အဓိပ္ပာယ်တို့ကို ပြောဆိုဖော်ပြ၍ နေပေသည်၊ ဘာသာစကားတစ်ခုကို သင်ကြားအားထုတ်ရာတွင် အဘိဓာန်မရှိ၍ မဖြစ်ပေ၊ မိမိဆိုင်ရာ အမိဘာသာတွင်ပင် အချို့စကားလုံးများကို ရံဖန်ရံခါ အဓိပ္ပာယ်မဖော်နိုင်ရှိတတ်ရာ ထိုအခါမျိုးတွင် အဘိဓာန်ကို လက်စွဲပြု၍ဖော်ကြရသည်၊ မြန်မာလူမျိုးတို့အဖို့ တိမ်မြုပ်ပျောက်ပျက်အသိခက်နေသော စကားလုံးများစွာရှိနေပေရာ ထိုအခါ အဘိဓာန်သည် လိုလာလေသည်၊ ယခုခေတ်တွင် ခေတ်အားလျော်စွာ မြန်မာအဘိဓာန်, စကားအဘိဓာန်, စာလုံးအဘိဓာန်များရှိနေ၍ လွယ်ကူသော်လည်း ရှေးကမူ မြန်မာအဘိဓာန်ဟူ၍ သီးခြားအထူးမရှိ၊ မြန်မာစကားလုံးများ၏ အဓိပ္ပာယ်ကို ရှေးဟောင်းပျို့ကဗျာ၊ လင်္ကာ၊ ဧချင်း၊ ရတု စသည်တို့မှ ဖော်ထုတ်ရယူရပေသည်။

ပုဒ္ဓဘာသာ မြန်မာနိုင်ငံတွင်ကား ပါဠိဘာသာသည် အရေးကြီးသောဘာသာရပ်ဖြစ်သည့်ပြင် မြန်မာလူမျိုးတို့အဖို့ အမိဘာသာမဟုတ်သဖြင့် ပါဠိဘာသာအတွက် အဘိဓာန်မှာ သာ၍ပင်လိုအပ်နေပေသည်၊ ပုဒ္ဓဘာသာသာသနာ၏ ခေါင်းဆောင်ဖြစ်ကြကုန်သော သံဃာတော်တို့အဖို့မူ ပါဠိဘာသာမှာ မသင်မနေရသော ဘာသာဖြစ်၍ သာမဏေဘဝငယ်စဉ်ကာလကပင် ပါဠိဘာသာ အခြေခံကျမ်းစာတို့ကို သင်ကြားလာခဲ့ရပေရာအဘိဓာန်မှာ လက်စွဲကျမ်းပင်ဖြစ်လာရတော့၏၊ စာပေသင်ကြားမှုပြီးဆုံးချိန်တွင် ပါဠိအဋ္ဌကထာဋီကာတို့ကို အပတ်တကုတ် အားထုတ်ကြည့်ရှုရရာ၌ အဘိဓာန်မှာ သာ၍ပင်လိုအပ်လာပေသည်။

http://www.dhammadownload.com

လွတ်လပ်ရေးမရမီအချိန်အခါလောက်က စာရေးသူတို့ ပါဠိအဋ္ဌကထာ ဋီကာတို့ကို ကြည့်ရှုသော အခါ၊ သို့မဟုတ် ချပို့သင်ယူသောအခါတို့တွင် အချို့ပါဠိပုဒ်များကို အနက်မထင်ကကြည့်ရှုစရာ အဘိဓာန်မှာ အလွန်ရှားပါးလှပေသည်၊ ထိုစဉ်က စာရေးသူတို့အဖို့ အဘိဓာန်ဟူ၍ ကြည့်စရာမှာ မင်းကွန်းမြတောင် ဆရာတော်၏ ပညတ်နက်ကျမ်း, လယ်တီပဏ္ဍိတဆရာဦးမောင်ကြီး၏ ပါဠိအဘိဓာန်ချပ် တို့လောက်သာ ရှိပေသည်၊ ယင်းတို့မှာလည်း စုံလင်ကုံလုံလှပြီ မဟုတ်သဖြင့် အချို့ပါဠိပုဒ်များ၏ အနက်ကိုမသိနိုင်ကြပေ၊ ထိုစဉ်အခါက စာချဆရာတော်များ, ပါဠိစာပေဝါသနာရှင် ရဟန်းတော်များ အတွက် အားထားလောက်သော ပါဠိအဘိဓာန်ကောင်းတစ်အုပ် လိုအပ်လျက်သာရှိနေပေသည်။ ထိုအချိန် (၁၉၅၀)ခန့်လောက်တွင်ပင် ဦးဟုတ်စိန်၏ ပဒတ္ထမဉ္ဇူသာခေါ် ပါဠိမြန်မာအဘိဓာန်ကြီး ပေါ်ထွက်၍လာပေရာ နေလနှစ်ပါးကို မျှော်လင့်နေကြသူ ကမ္ဘာဦးလူတို့အဖို့ နေလနှစ်ဖြာ ကမ္ဘာ့ရတနာတို့ပေါ်ထွက်လာသည့်အလား ပါဠိ စာပေနယ်သား သံယာတော်များအတွက် နှစ်သက်ကျေနပ်၍မဆုံး တပြုံးပြုံးဖြစ်ခဲ့ရပါသည်။ အစိုးရပုံနှိပ်တိုက်မှ ရိုက်နှိပ်သဖြင့်လည်း ထိုပဒတ္ထမဉ္ဇူသာ ပါဠိမြန်မာအဘိဓာန် ၄-တွဲမှာ စက္ကူချောချော စာလုံးသန့်သန့် ခဲ့ခဲ့ညားညား အမှားကင်းရှင်းစွာဖြင့် ၄-တွဲလုံးမှ ထိုခေတ်တန်ဖိုး ၃၀/- ပင်မကျ ပါဠိစာပေရှင် ရဟန်းသံဃာ တိုင်းပင် လက်သုံးပြုနိုင်သဖြင့် မြန်မာ ပါဠိစာပေလောကကြီး တစ်ခေတ်ဆန်းလာပြီဟု ပြောဆိုနေကြ ပါတော့သည်။

စာရေးသူသည် ယင်းပဒတ္ထမဉ္ဇူသာခေါ် ပါဠိမြန်မာအဘိဓာန်ကို မိမိအသုံးပြုရုံမျှနှင့် အားမရသေး၊ နယ်မြို့များရှိ ဆရာသမားမိတ်ဆွေရဟန်းတော်များထံသို့ စာအုပ်အစုံများစွာပင်ပို့ဆောင် ပေးခဲ့သေးသည်။ ဝယ်ယူဆောင်ထားကြရန်လည်း အခွင့်သင့်တိုင်း တိုက်တွန်းရသေး၏၊ နောက်ထပ်ထပ်မံမရိုက်နှိပ်နိုင်သဖြင့် ယင်းပါဠိမြန်မာ အဘိဓာန်စာအုပ်များ ရှားပါး၍သွားသည့်တိုင်အောင် စာအုပ်အဟောင်းဈေးများတွင် တစ်စုံလျှင် ၂၀၀ မှ ၃၀၀၊ ၄၀၀-၅၀၀-အထိ လိုက်လံရှာဖွေ ဝယ်ယူ၍ ပေးပို့နေရသေးသည်၊ နောက်တွင် လုံးလုံးပင် ရှာဖွေ၍မရတော့ပေ၊ ၁၉၇၀-ခန့်တွင် ကျမ်းပြုဆရာကြီးဦးဟုတ်စိန်နှင့် တွေ့ဆုံရ၍ ထိုအကြောင်းကို ပြောကြားမိရာ ပြန်လည်ရိုက်နှိပ်ချင်ကြောင်း ရိုက်နှိပ်နိုင်မည့်အဖွဲ့အစည်း ရှိလျှင်လည်း လှူဒါန်းရန် စိတ်ကူးရှိကြောင်းပြောလေသည်၊ ထို့နောက် ဂိုဏ်ပေါင်းစုံခေတ် ၁၉၈၃-ခုနှစ်ခန့်တွင် ဦးဟုတ်စိန်သည် သားဖြစ်သူ ဦးစောလှိုင်နှင့်အတူ စာရေးသူတို့ထံသို့ရောက်လာကာ(ထိုစဉ်က စာရေးသူတို့သည် ကမ္ဘာအေး သာသနာရေးဦးစီးဌာန- ဇမ္ဗူဒီပကျောင်းဆောင်၌ တာဝန်ထမ်းဆောင် နေခိုက်) ပဒတ္ထမဉ္ဇူသာ ပါဠိမြန်မာအဘိဓာန်ကို ပြန်လည်ရိုက်နှိပ်နိုင်မည့် သာသနာရေးဦးစီးဌာနသို့ လှူဒါန်းလိုကြောင်း၊ စာရေးသူတို့က တာဝန်ယူ၍ လှူဒါန်းပေးစေလိုကြောင်း၊ ထို့ပြင် မိမိသက်ရှိထင်ရှား ရှိနေစဉ် (ထိုစဉ်က

http://www.dhammadownload.com

ဦးဟုတ်စိန်အသက် ၉၀- ကျော်ပေပြီ) ပြန်ရိုက်သောစာအုပ်ကိုလည်း မြင်သွားလိုပါ ကြောင်းပြော၍ စာမူကို လွှဲအပ်ပေးခဲ့လေသည်။ စာရေးသူတို့လည်း ဦးဟုတ်စိန်နှင့် ဦးစောလှိုင်တို့အား ညွှန်ကြားရေးမှူးချုပ်ထံသို့ ခေါ်သွားကာ တရားဝင်လွှဲအပ်ပေးလိုက်ပါသည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် ပြန်လည် မရိုက်နှိပ်ဖြစ်ပေ။

ထိုအတွင်း ရွှေတိဂုံစေတီတော် တနင်္ဂနွေထောင့် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်ကြီး၏ အသင်းခွဲတစ်ခုဖြစ်သော ပဋ္ဌကဗျူဟာအဖွဲ့မှ ရှားပါးစာပေများဖြစ်သော ရှေးဟောင်းပေစာများမှ ရှေးဟောင်းစာပေများကို ကူးယူပုံနှိပ်ဖြန့်ချိနေခဲ့ပြီး ယခု ဗုဒ္ဓဘာသာဝင် သူတော်စင်များအတွက် ရှားပါးစာအုပ်များကို တစ်နှစ်တစ်အုပ်ခန့် ရိုက်နှိပ်ဖြန့်ချိနေပေရာ ၁၂ အုပ်ခန့်ရှိလေပြီ၊ ထိုအဖွဲ့မှ ပရိယတ္တိသာသနာ၏ လိုအပ်ချက်ဖြစ်သော ပါဠိမြန်မာအဘိဓာန်တစ်အုပ်ကို ပုံနှိပ်ထုတ်ဝေနိုင်ရန် ကြိုးစားနေကြောင်း သိရသဖြင့် မင်္ဂလာဗျူဟာအသင်းချုပ် နာယကကြီးများ ပဋ္ဌကဗျူဟာ အမှုဆောင် လူကြီးများထံချဉ်းကပ်၍ ပဒတ္ထမဉ္ဇူသာ ပါဠိမြန်မာ အဘိဓာန်ကြီးကို ပုံနှိပ်ဖြန့်ချိပေးပါရန် မေတ္တာရပ်ခံခဲ့ရာ အားလုံးသဘောတူကြသဖြင့် စာရေးသူနှင့် အသင်းချုပ် ဥက္ကဋ္ဌကြီးတို့သည် ၁၉၉၂-ခုနှစ် ခန့်က ကမ္ဘာအေးသာသနာရေးဌာနညွှန်ကြားရေးမှူးထံသွားရောက်၍ ပဒတ္ထမဉ္ဇူသာ ပါဠိမြန်မာအဘိဓာန်ကြီးကို ပုံနှိပ်ခွင့်တောင်းခဲ့ရာ မူအတိုင်းတစ်ကြိမ်ပုံနှိပ်ခွင့်ရရှိခဲ့သဖြင့် ပုံနှိပ်ရန် စီမံခဲ့ကြပါသည်။

သို့သော် ထိုအချိန်က ဤပါဠိအဘိဓာန်ကြီးကို ခေတ်နှင့်လျော်အောင် ပုံနှိပ်လျှင် ကုန်ကျစရိတ်မှာ အသင်း၏ခန့်မှန်းဈေးထက် များစွာပိုလွန်နေသဖြင့် လက်လျော့ရမလိုဖြစ်နေပါသည်။ သို့နှင့် လောလောဆယ် ပုံနှိပ်ဖြန့်ချိမှု မပြုနိုင်သေးဘဲရှိနေစဉ် ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးနှင့် ပရိယတ္တိသာသနာတော်ကြီး၏ တန်ခိုးတော်ကြောင့် ဓမ္မဒါနကုသလကောင်းကျိုး မျှော်ကိုးဆင်ခြင် စေတနာရှင်တစ်ဦး ထူးလှူခြားခြားပေါ်ပေါက်၍ လာပေသည်။ ထိုပုဂ္ဂိုလ်ကား မင်္ဂလာဗျူဟာအသင်းကြီး၏ အမှုဆောင်လူကြီးတစ်ဦးဖြစ်သူ ဦးရဲမြင့် (ချမ်းသာစာပေ ၅၃/၆-၅၅လမ်း၊ ပုစွန်တောင်မြို့နယ်၊ ရန်ကုန်) ဖြစ်ပါသည်။

ဦးရဲမြင့်သည် စေတနာအင်အား၊ ဓနအင်အားရှိရုံမျှမက ကိုယ်ပိုင်ပုံနှိပ်စက်၊ ကိုယ်ပိုင်စာအုပ်ထုတ်ဝေရေးပါရှိသူဖြစ်သဖြင့် ပရိယတ္တိသာသနာတော်အတွက် ဤမျှလိုအပ်နေသော ပါဠိမြန်မာအဘိဓာန်ကြီးကို မည်မျှပင်ကုန်ကျပါစေ ကုသိုလ်ယူ၍ စိုက်ထုတ်ဆောင်ရွက်ပေးလိုပါသည်ဟု ဆိုသဖြင့် ယခုအခါ ပရိယတ္တိသာသနာကို ထမ်းဆောင်နေကြသည့် သံဃာတော်အရှင်မြတ်များနှင့် ပါဠိပညာရှင် ပုဂ္ဂိုလ်အားလုံးတို့ပင် ရွှင်ပြုံးနှစ်သိမ့် ဝီတိစိမ့်၍ တဖိမ့်ဖိမ့်ကြည်နူးနိုင်ကြပါပြီ။

http://www.dhammadownload.com

ဤပဒတ္ထမဋ္ဌသာ ပါဠိမြန်မာအဘိဓာန် စာအုပ်ကြီးကို ယခုဒုတိယအကြိမ်ရိုက်နှိပ်၍ ပရိယတ္တိ စာပေနယ်သို့ ပို့ဆောင်ရာ၌ စေတနာရှင်ဦးရဲမြင့်သည် ယခင်ပထမအကြိမ်ပုံနှိပ်စဉ်ကကဲ့သို့ အတွဲမခွဲ တစ်တွဲတည်း၊ တစ်အုပ်တည်းနှင့် အပြီးအစီးဖန်တီးလုပ်ဆောင်ရာဝယ် ကုန်ကျမှုကိုမတွက် စေတနာ၊ သဒ္ဓါတရားသက်သက် ထက်သန်သောစိတ်ထားဖြင့် ကြိုးစားစင်ဖြူကုသိုလ်ယူလျက်စက္ကူ အကောင်းစားဝယ်၊ အသားနာ အခန့်ညားဆုံးသောအဖုံး၊ စာအုပ်အချုပ်အလုပ် အခိုင်အခန့် သန့်ပြန့်လှပ ကမ္ဘာ့အဆင့်မီ ခေတ်နှင့်ညီအောင် လုပ်ဆောင်ထားသဖြင့် အားလုံးသော ပရိယတ္တိသာသနာဝင် ပါဠိ ပညာရှင်တို့အဖို့ ကြည်လင်နှလုံး ရွှင်ပြုံးနိုင်ကြလိမ့်မည်ဖြစ်ကြောင်း သတင်းကောင်းပါးလျက် အမှာစကား ရေးသားလိုက် ရပါသတည်း။

ဘဒ္ဒန္တတီလောကသာရ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဓမ္မသီတဂူတိုက်ကျောင်း
ဘုရားကြီးတိုက်
ရန်ကုန်မြို့။

၁၃၆၁-ခု၊ သီတင်းကျွတ်လဆန်း ၁ရက်၊ တနင်္ဂနွေနေ့ (၁၀. ၁၀. ၉၉)

http://www.dhammadownload.com

မော်ဘီမြို့ သာသနာ့ဝန်ဆောင်ကျောင်းတိုက်
ဆရာတော် ဦးကုမာရ၏ အမှာစာ

ပညာရှိကြီးပင်ဖြစ်သော်လည်း အဘိဓာန်ကျမ်း လက်ကိုင်မရှိပါမူ တွေ့သမျှသော ပုဒ်တို့၏ အနက်အဓိပ္ပယ်ကို မသိနိုင်ရာ၊ သို့ဖြင့် လိုအပ်သော ကိစ္စမပြီးရှိလေရာ၏။

ဤသည်မှာ မန္တလေး အဘယာရာမဆရာတော်ဘုရား၏ မိန့်တော်မူချက်ပင် ဖြစ်ပါသည်။

ဤနိဒါန်းကိုရေးသော ဘုန်းကြီး၏ စာသင်သားဘဝမှ စာချဘုန်းကြီးဘဝသို့ ကူးပြောင်းစ အချိန်မှာပင် ဦးဟုတ်စိန်၏ ပဒတ္ထမဥ္ဇူသာ ဤ-ပါဠိမြန်မာ အဘိဓာန်ကျမ်းကြီး ပေါ်ထွက်လာခဲ့ပါသည်။

အဘယာရာမဆရာတော်ဘုရား၏ အဆိုအမိန့်အရ ပညာရှိကြီးများအတွက်ပင် အထူးအသုံးဝင်လှသော အဘိဓာန်ကျမ်းမှာ နိဒါန်းရေးသူ ဘုန်းကြီးများလို ပညာရှိကြီး မဖြစ်သေးသူတို့အတွက် မည်မျှအသုံးဝင်သည်, မည်မျှမှီခိုအားထားရသည်ကို အထူးပြောနေစရာပင် လိုမည်မထင်တော့ပါ။

ဘုန်းကြီးသည် ပဒတ္ထမဥ္ဇူသာ ဤပါဠိမြန်မာ အဘိဓာန်ကျမ်း အကူညီဖြင့်ပင် စာသင်သား များအား ပါဠိတော် အဋ္ဌကထာကျမ်းပေါင်းများစွာကို ပို့ချလာခဲ့ပါသည်။ ဆရာများထံမှ မသင်ယူဖူးသေးသော ပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းစာများကိုလည်း ဤအဘိဓာန်ကျမ်း အကူအညီဖြင့်ပင် ကြည့်ရှုလေ့လာခဲ့ပါသည်။

ဤအဘိဓာန်ကျမ်းလာ တည်ပုဒ်တို့၌ သဏ္ဌာန်တူညီသော သက္ကတပုဒ်တို့ကို ထည့်သွင်း ပေးထားသည့်အပြင် ပါဠိမှ သက္ကတသို့ အက္ခရာပြောင်းလွဲပုံ နည်းစနစ်ကိုပါ ထည့်သွင်းပြထားသည့် အတွက် အသိခက်သောပုဒ်တို့၏ အနက်နှင့် ဆရာများအယူအဆကွဲပြားနေသော ပုဒ်တို့၏အနက်တို့ကို သက္ကတအဘိဓာန်, ဟိန္ဒီအဘိဓာန်တို့၏ အကူအညီကိုပါရယူ၍ လွယ်ကူရှင်းလင်းစွာ သိမြင်နိုင်ခဲ့ပါသည်။ တိတိကျကျ ဆုံးဖြတ်နိုင်ခဲ့ပါသည်။ ပါဠိဘာသာမှ သက္ကတဘာသာ ဟိန္ဒီဘာသာတို့ကို ကူးပြောင်းလေ့လာ သင်ယူသည့်အခါမှာလည်း များစွာအကူအညီရပါသည်။

ထို့ပြင် ဤအဘိဓာန်ကျမ်း၏ နောက်ဆက်တွဲ၌

၁။ ဓာတ္ထတ္ထဒီပနီ၊

၂။ ကိတ်ပစ္စည်း၊

၃။ တဒ္ဒိတ်ပစ္စည်း၊

၄။ နိပါတ်ပုဒ်၊

http://www.dhammadownload.com

၅။ ဥပသာရပုဒ်၊

၆။ နာမ်ပုဒ်တို့၌ ဝိဘတ်သတ်ပုံ၊

၇။ အာချာတ်ပုဒ်တို့၌ ဝိဘတ်သတ်ပုံ၊ တို့ကို လည်း ထည့်သွင်းပြဆိုထားပါသည်။

ဤနောက်ဆက်တွဲမှာ ပါဠိသဒ္ဒါကို မသင်ယူဖူးသေးသောသူများ, သင်ပင်သင်ယူဖူးစေကာမူ ပါဠိသဒ္ဒါ မကျေညက်သူများအတွက် တန်ဖိုးမဖြတ်နိုင်သော ရတနာဘဏ်တိုက်ကြီးသဖွယ်သာ ဖြစ်နေပါတော့သည်။ တက္ကသိုလ်များ၌ အသုံးပြုနေသော သုတ်စဉ်မပါဘဲ ရုပ်ပြီးပုံ ရုပ်ပြီးနည်းကိုလည်း ဤနောက်ဆက်တွဲ ကဏ္ဍကပင် တာဝန်ယူ၍ လမ်းညွှန်ထားပါသည်။

သို့ဖြစ်သည်အားလျော်စွာ ဦးဟုတ်စိန်၏ ပဒတ္ထမဉ္ဇူသာ ဤ-ပါဠိမြန်မာ အဘိဓာန်သည် ပညာရှိကြီးများအတွက်လည်း အသုံးဝင်လှပါသည်။ ပညာရှိကြီးဖြစ်ရန် အားယူနေသူများအတွက်လည်း အသုံးဝင်လှပါသည်။ ပါဠိဘာသာကို သင်ယူနေသော ရဟန်းတော်များ, သာမဏေများ, သီလရှင်များ အတွက်လည်း အသုံးဝင်လှပါသည်။ ပါဠိဘာသာမှ သက္ကတဘာသာ, ဟိန္ဒီဘာသာတို့ကို ကူးပြောင်းသင်ယူသူများအတွက်လည်း အသုံးဝင်လှပါသည်။ ပါဠိသဒ္ဒါ မသင်ဖူးသူများနှင့် သင်ပင်သင်ဖူးစေကာမူ ပါဠိသဒ္ဒါ မကျေညက်သူများအတွက်လည်း ပါဠိဘာသာကို သင်ယူရာ၌ အသုံးဝင်လှပါသည်။ သုတ်စဉ်မပါဘဲ ရုပ်ပြီးပုံ ရုပ်ပြီးနည်းဖြင့် ပါဠိဘာသာကို သင်ယူနေကြသော တက္ကသိုလ်ကျောင်းသား, ကျောင်းသူများအတွက်လည်း အသုံးဝင်လှပါသည်။

ဤသို့လျှင် အဆင့်အတန်းမရွေး လူပေါင်းစုံတို့အတွက်အသုံးဝင်လှသည့်အပြင် လူပေါင်းစုံတို့အား အကူအညီပေးနိုင်သော ဦးဟုတ်စိန်၏ ပဒတ္ထမဉ္ဇူသာ ဤ-ပါဠိမြန်မာ အဘိဓာန်ကျမ်းကြီးသည် နောက်ထပ်ပြန်ရိုက်ပေးမည့်သူမရှိသည့်အတွက် တိမ်မြုပ်ကွယ်ပျောက်သလို ဖြစ်နေခဲ့ပါသည်။

ယင်းသို့ ဖြစ်နေရာမှ နောက်ထပ်လူပေါင်းစုံတို့အား အကူအညီပေးနိုင်အောင်, လူပေါင်းစုံတို့ လက်ကိုင်ပြုနိုင်အောင် ပြန်လည်ရိုက်နှိပ်ဖြန့်ဝေပေးသူများအား ပါဠိစာပေကို မြတ်နိုးသူတစ်ဦးအနေဖြင့် ကျေးဇူးတင်၍ မဆုံးနိုင်အောင် ဖြစ်ရပါတော့သည်။

ဦးကုမာရ

သာသနာဝန်ဆောင်ကျောင်းတိုက်

မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်း။

၁၃၆၁–ခုနှစ်၊ တော်သလင်းလဆုတ် ၁၁–ရက်၊ အင်္ဂါနေ့။

(၅/၁၀/၉၉)

http://www.dhammadownload.com

ပိဋကတ္တယဗျာဖာအဖွဲ့၏ကျမ်းဦးမိတ်ဆက်

လေးသခြေနှင့် ကမ္ဘာတစ်သိန်း ပါရမီတော်များကို ဖြည့်ကျင့်ပြီးနောက် သဗ္ဗညုတဉာဏ်တော်ရှင် ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူသောနေ့မှစ၍ လေးဆယ့်ငါးဝါတို့ပတ်လုံး ဟောကြားတော်မူခဲ့သော ဓမ္မဒေသနာ အရပ်ရပ်ကို ပိဋကသုံးပုံ နိကာယ်ငါးရပ် ဓမ္မက္ခန္ဓာ ၈၄၀၀၀ စသော အစီအစဉ်အမျိုးမျိုးဖြင့် ရဟန္တာပုဂ္ဂိုလ်ကြီးတို့မှစ၍ နောက်ပိုင်းပညာရှင် သံဃာတော်ကြီးအသီးသီးတို့သည် ကြိုးစားထိန်းသိမ်းခဲ့ရာ ဗုဒ္ဓ၏တရားတော်တို့သည် ယနေ့တိုင်အောင် သန့်ရှင်းစင်ကြယ်စွာ ရှင်သန်လျက်ရှိနေပါသည်။ တရားတော်များ၏ ခက်ခဲနက်နဲသောအချက်၊ နက်နဲသိမ်မွေ့သောအဓိပ္ပာယ် သိရန်မလွယ်သော အယူအဆများကို နောင်လာနောက်သားများ ရှင်းလင်းလွယ်ကူစွာ သဘောပေါက်နားလည်စေရေးအတွက် ပညာရှိအရှင်ကောင်းအရှင်မြတ်များသည် အဋ္ဌကထာ ဋီကာ ဂဏ္ဌိစသော ကျမ်းအမျိုးမျိုး နည်းအသွယ်သွယ်တို့ဖြင့် ဖွင့်ဆိုရေးသားပြုစုတော်မူခဲ့ကြပါသည်။ သံဂါယနာတင်ခြင်း ပေထက် အက္ခရာတင်ခြင်း ကျောက်ထက်အက္ခရာတင်ခြင်းများ ပြုလုပ်ခဲ့ကြသည်။ စာပုံနှိပ်စက်များ ပေါ်ပေါက်လာသောအခါ များစွာသော ကျမ်းစာများ စာအုပ်အဖြစ်သို့ ရောက်ပြီး လူထုလက်ထဲသို့ ပြန့်နှံ့ခဲ့ရာ များစွာကောင်းကျိုးရကြပေသည်။ သို့သော် နက်နဲခက်ခဲပြီး ကျယ်ဝန်းသော ကျမ်းကြီးကျမ်းခိုင်တို့သည် အသုံးနည်းခြင်း စီးပွားရေးအဖြစ် ရောင်းဝယ်တွင်ကျယ်ခြင်း မရှိနိုင်၍ပုံနှိပ်စာမူဘဝသို့ မရောက်ဘဲ အသိမ်းခက် အကိုင်ခက် အဖတ်ခက်သော ပေမူများတွင်သာ ကျမ်းအိပ်ကြီးများအဖြစ် ရှိနေကြသည်။ ထိုကျမ်းကြီးများကို စာအုပ်အဖြစ်သို့ ရောက်စေကာ လူထုလက်သို့ ဖြန့်ချိမည်ဟူသော ရည်ရွယ်ချက်ကြီးမားစွာဖြင့် ပိဋကတ္တယာအဖွဲ့ကို ၁၃၃၇-ခု၊ ကဆုန်လပြည့် (၂၄. ၅. ၇၅)နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့ကြပါသည်။

အားပေးခြီးမြှင့် ကူညီစောင့်ရှောက်တော်မူကြသော လက်ဦးပုဂ္ဂိုလ်ကြီးများမှာ (၁) ကမ္ဘာ့သာသနာပြု အဂ္ဂမဟာပဏ္ဍိတ အဘိဓဇသဒ္ဓမ္မဇောတိက ဆရာတော်ကြီး ဦးသေဋ္ဌလ၊ (၂) ခြောက်ထပ်ကြီးဆရာတော် အဂ္ဂမဟာပဏ္ဍိတဦးအာစိဏ္ဏ၊ (၃) ပြည်လမ်း ခင်ဦးတောရ မူလပဌာန်းဆရာတော် အဂ္ဂမဟာပဏ္ဍိတဦးနာရဒ၊ (၄) ကြည့်မြင်တိုင် ဘုံပုံဆရာတော် ဦးပညာသာမိ၊ (၅)ဖျာပုံတိုက်သစ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတဦးဩဘာသဘိဝံသ၊ (၆) သပြေကန်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဒုတိယ ရွှေကျင်သာသနာပိုင်ဆရာတော် ဦးဝါသေဋ္ဌာဘိဝံသ၊ (၇) မင်းကွန်း ပဌမတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓမ္မ သဒ္ဓမ္မဇောတိက ဦးဝိစိတ္တသာရာဘိဝံသ၊ (၈) အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဦးတိလောကသာရ၊ (၉) အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဦးသိလာနန္ဒါဘိဝံသတို့ ပါဝင်၍ ဦးဆောင်ညွှန်ကြား အားပေးကူညီတော်မူခဲ့ကြပါသည်။

http://www.dhammadownload.com

အသင်း၏နာယကလူကြီးများ၊ အမှုဆောင်များတွင် ဒီးဒုတ်ဦးသာဒင်၊ ရွှေတိဂုံဂေါပကလူကြီးများ ဖြစ်ကြသော ဝဏ္ဏကျော်ထင်ဦးမြင့်၊ ဦးဘသော်၊ ဗိုလ်မှူးအောင် ဝဏ္ဏကျော်ထင် ဟံသာဝတီ ဦးဘခင်၊ ဦးအောင်သိမ်းနှင့် ဒေါက်တာရန်ရှင်း၊ ဓမ္မဗျူဟာ ဦးမြသောင်းစသော ပုဂ္ဂိုလ်များပါဝင်ပါသည်။

ပဋ္ဌာနဗျူဟာ၏ ရည်ရွယ်ချက်လုပ်ငန်းစဉ်ကို သဘောတူသဖြင့် ကျေနပ်နှစ်သက်စွာ အားပေးတော်မူလိုကြသော ရွှေတိဂုံဘဏ္ဍာတော်ထိန်းအဖွဲ့ ဆရာတော်ကြီးများနှင့် လူကြီးများက အာဇာနည် ဗိမာန်လမ်းပေါ်ရှိ အသုံးမပြုအားလပ်နေသော ပဋ္ဌာနတိုက်အလွတ်တစ်ခုကို တရားဝင်လွှဲအပ် အသုံးပြုစေပြီး အသင်းဆိုင်းဘုတ်ဖွင့်ပွဲ တက်ရောက်အားပေးတော်မူခဲ့ကြပါသည်။ နိုင်ငံတော်တစ်ဝန်းလုံး ဝမ်းသာအားရ အားပေးကူညီပါဝင်ကြရာ တိုတောင်းသောအချိန်ကာလအတွင်း အသင်းဝင် ၁၄၀၀ကျော် ဖြစ်လာပါသည်။ ထိုအသင်းဝင်များတွင် ဘွဲ့ထူးဂုဏ်ထူးရှင်အများအပြား ပါဝင်သော သံဃာတော် ၅၃၀ ကျော် သီလရှင် ၄၀ များပါဝင်လာကြခြင်းမှာ သာသနာတော်ဝန်ထမ်းများသည် ပရိယတ္တိ သာသနာတော် အရှည်တည်တံ့ပြန့်ပွားရေးအတွက် မည်မျှစေတနာထားကြသည်ကို ပေါ်လွင်စေပါသည်။ ဤသို့ အရှိန်အဟုန်ကောင်းကောင်းဖြင့် အဖက်ဖက်က အားပေးကူညီကြသော အချိန်ကောင်းတွင် ဝိဇိရဗုဒ္ဓဋီကာ (ပထမတွဲ) (ဒုတိယတွဲ)။ ဝိမတိဝိနောဒနီဋီကာ(ပထမတွဲ) (ဒုတိယတွဲ) ဇာတ်ဝိသောဓနကျမ်း၊ ဒုလာကဒုဓာတ်တော်ကျမ်းစသောရှားပါးစာအုပ်များ ရိုက်နှိပ်ဖြန့်ဝေ နိုင်ခဲ့ပါသည်။

အထူးသဖြင့် ဝိဇိရဗုဒ္ဓိနှင့် ဝိမတိကျမ်းစာကြီးများသည် ဝိနည်းဆိုင်ရာ အဆုံးအဖြတ်များတွင် အလွန်အားကိုးမှီငြမ်းပြုရသော ရှားပါးကျမ်းကြီးများဖြစ်ရာ ဆရာတော်ကြီးများ၊ ပါဠိပညာရှင်ကြီးများ အားရနှစ်သက်စွာ အားပေးတော်မူခဲ့ကြပါသည်။

ဤသို့အောင်မြင်နေသောအချိန်တွင် ပဋ္ဌာနဗျူဟာအဖွဲ့ ဖျက်သိမ်းရမည်ဟု အာဏာပိုင်အချို့က အဖွဲ့အား ဖိအားအကြိမ်ကြိမ်ပေးရာ အဖွဲ့သည် မပျက်စီးအောင် အမျိုးမျိုး ကြံဖန်၍တည်တံ့စေခဲ့ပါသည်။ ထိုအတွင်း နောက်ဆုံးအတင်းဆွဲထုတ်၊နှင်ထုတ်မည်ပြုရာမင်းကွန်းတိပိဋကဆရာတော်ကြီးက ဤအဖွဲ့မပျက်စီးပါစေနှင့် တစ်နည်းနည်းဖြင့် ဘေးကင်းရာနေရာတစ်ခု ရှာကြံဆောင်ရွက်ပါဟု အကြံပြု တိုက်တွန်းတော်မူပါသည်။ ယခုအခါ မင်္ဂလာအသင်းနှင့် တွဲဖက်ခါအကုန်အကျနည်းသော စာအုပ်များ ဖြန့်ချိလျက်ရှိနေပါသည်။

ဤအချိန်အတွင်း ဆရာတော်ကြီးများ ပါဠိပညာရှင်များအတွက် မရှိလျှင်မဖြစ်သော ပါဠိမြန်မာအဘိဓာန်တစ်ခု လိုအပ်သဖြင့် မူပိုင်ရှင် ကမ္ဘာအေးဘုဒ္ဓသာသနာ့အဖွဲ့သို့ မေတ္တာရပ်ခံခွင့်တောင်းရာ အနူးအညွတ်ခွင့်ပြုချက်ရရှိခဲ့ပါသည်။ သို့သော် စက္ကူဖိုး၊ မင်ဖိုး၊ စာပုံနှိပ်ခ၊ အလုပ်သမားခ အစစကြီးမားနေသောအချိန်ဖြစ်သဖြင့်ကြိုးစားခဲ့သော်လည်း ငွေအင်အားမလုံလောက်သဖြင့်မအောင်မြင် ဖြစ်နေပါသည်။

http://www.dhammadownload.com

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ "အလှူတကာတို့တွင် တရားအလှူသည် အမွန်မြတ်ဆုံးဖြစ်သည်"ဟု မမှိတ်မသုန်ယုံကြည်ခံယူထားသူ အလှူရှင်တစ်ဦး မကြာမီက ပေါ်ပေါက်ခဲ့ရာ ပိဋကတျှဟာအဖွဲ့သည် ဝမ်းသာအားရစွာကြိုဆို၍ လက်ခံခဲ့ပါသည်။ အလှူရှင်က ၁၅ သိန်း၊ သိန်း ၂၀ ကုန်ပါစေ သူငွေစိုက်ထုတ်၍ ရိုက်နှိပ်လှူဒါန်းပါရစေဟု ထုတ်ဖော်ပြောပြရာ အဖွဲ့ဝင်လူကြီးအားလုံးက သာဓုအနုမောဒနာခေါ်၍ လက်ခံခဲ့ကြပါသည်။ ယခုပညာရှင်ကြီးများ၏ လက်ဝယ်ရောက်နေပါပြီ။ စေတနာရှင်မှာ ရန်ကုန်၊ သုဝဏ္ဏမြို့ (၂၅) ရပ်ကွက်၊ ပျဉ်းမမြို့နယ်၊ တိုက်အမှတ် (၂၉၉/၄)တွင် နေထိုင်ပြီး ပုစွန်တောင်မြို့နယ်၊ (၅၅)လမ်း၊ အမှတ် (၅၃/၆)တွင် ချမ်းသာပုံနှိပ်တိုက်ကိုလည်းကောင်း၊ ကျောက်တံတားမြို့နယ်၊ (၃၄)လမ်း၊ အမှတ် (၁၂၀)တွင် ချမ်းသာစာပေကိုလည်းကောင်း ဖွင့်လှစ်လုပ်ကိုင်နေသောဦးရဲမြင့် မိသားစုဖြစ်ပါကြောင်း ဗုဒ္ဓသာသနာတော်ကို ကျန်းမာ၊ ချမ်းသာစွာ ဆက်လက်ဆောင်ရွက်နိုင်ပါစေ မေတ္တာပို့သ ဆုတောင်းလိုက်ပါသည်။

ဦးအောင်သိမ်း

ဥက္ကဋ္ဌ ပိဋကတျှဟာအဖွဲ့

http://www.dhammadownload.com

ပုံနှိပ်ဖြန့်ချိသူ၏ကျေးဇူးတင်လွှာ

မင်္ဂလာဗျူဟာ ပရဟိတ အဖွဲ့အတွင်းရေးမှူး၊ ဒေါက်တာသိန်းလွင်၏ ဆက်သွယ်စေ့ဆော် ဆောင်ရွက်ပေးမှုကြောင့် ပါဠိဘာသာ လေ့လာလိုက်စားသူ ရဟန်းတော်များ၊ သုတေသီများ၊ စာသင်သားများအတွက် အထူးလိုအပ်လျက်ရှိသော ဆရာကြီးဦးဟုတ်စိန်ရေးသားပြုစုခဲ့သည့် ပဒတ္ထမဉ္ဇူသာခေါ် ပါဠို-မြန်မာ အဘိဓာန်ကြီးကို ပိဋကဗျူဟာ အဖွဲ့အတွက် ရိုက်နှိပ်ပေးရန် အခွင့်အရေးရခဲ့ပါသည်။

စီးပွားရေးအရ အကျိုးများရန် မရှိသော်လည်း ဘာသာ၊ သာသနာအတွက် အမှန်တကယ် လိုအပ်လျက်ရှိသော ဤကဲ့သို့သော စာအုပ်မျိုးကို ရိုက်နှိပ်လျှဒါန်းခွင့် ရရှိခြင်းကို ကျွန်တော်အလွန်မြတ်နိုးပါ၏။

ဤ ပါဠို-မြန်မာ အဘိဓာန်စာအုပ်ကြီး ရိုက်နှိပ်ခွင့်ရရှိရန် စွမ်းစွမ်းတမံ အဖက်ဖက်မှ ကူညီပံ့ပိုး ဆောင်ရွက်ပေးခဲ့သော ပိဋကဗျူဟာ အဖွဲ့ရာသက်ပန် ဥက္ကဋ္ဌကြီးဦးအောင်သိမ်း၊ အတွင်းရေးမှူးဦးပွန့် ပိဋကဗျူဟာအမှုဆောင် အဖွဲ့ဝင်လူကြီးများအားလည်းကောင်း၊ သာသနာရေးဦးစီးဌာနအားလည်းကောင်း၊ ဒေါက်တာဦးသိန်းလွင် အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

http://www.dhammadownload.com

နိဒါန်း

၁။ ဘုရားတရားသံဃာ ရတနာမြတ်သုံးပါးတို့ကိုလည်း၊ မိခင်ဘခင် အနန္တကျေးဇူးရှင်တို့ကိုလည်း၊ ကျောင်းဌာပေရှိချ ဆုံးမပဲ့ပြင် သွန်သင်ခဲ့ပေသော ဆရာမြတ်တို့ကိုလည်း၊ ဤအဘိဓာန်ကို စီစဉ်ပြုပြင်ရာ၌ ကိုးကားရသော ကျမ်းတို့ကို စီရင်ခဲ့၍ ပညာစုံလင် ဂုဏ်အင်ကြီးမား စံထားခဲ့ပေသော ပုဗ္ဗာစရိယတို့ကိုလည်း၊ ဦးညွတ်ရိုကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏။

၂။ ကန်တော့ပြီး၍ ဤ အဘိဓာန်ကို စီစဉ်ပြုပြင်ရခြင်း၏ အကြောင်းရင်းကို ပြောက်ဆိုပေအံ့။ ကျွန်ုပ်သည် ၁၂၇၁ ခုနှစ်မှ ၁၂၇၄ ခုနှစ်တိုင်အောင် လေးနှစ်ပတ်လုံး ရန်ကုန်ကောလိပ်ကျောင်း၌ ပါဠိဘာသာကို သင်ကြားဆည်းပူးခဲ့၏။ ထိုသို့သင်ကြားဆည်းပူးစဉ်အခါ၌ အာရ်၊ စီ၊ ချီ(လ်)ဒါး(စ်) (R. C. Childers.)၏ ပါဠို-အင်္ဂလိပ် အဘိဓာန်ကိုလက်ဦးထားကာ မိလိန္ဒပဉှာ ဒီပဝံသ ဓမ္မပဒအဋ္ဌကထာ ဇာတကအဋ္ဌကထာ ပါဠိတို့ကို ဘတ်ရှရာ ထိုပါဠိတို့တွင် တွေ့ကြုံရသော အနက်မရှင်းလင်းသော ပုဒ်တို့ကို ထိုအဘိဓာန်၌ ရှာဖွေရာ များစွာသောပုဒ်တို့ကို မတွေ့နိုင်လေ။ အင်္ဂလိပ်ဘာသာကို သင်ကြားလေ့လာသောသူတို့မှာ အဘယ်ပုဒ်နှင့်စပ်လျဉ်း၍မဆို အနက်ကို သော်၎င်း သတ်ပုံကိုသော်၎င်း အသံကိုသော်၎င်း ဗျုပ္ပတ္တိကိုသော်၎င်း သိလိုလျှင် အင်္ဂလိပ်အဘိဓာန်ကို ထောက်လှမ်းကြည့်ရှုပါက တွေ့သိနိုင်၏။ အင်္ဂလိပ်အဘိဓာန်ကဲ့သို့ ပုဒ်တို့စုံလင်သော ပါဠို-အင်္ဂလိပ် အဘိဓာန်ယိုပါဠု ပါဠိဘာသာကို လိုလားတတ်မြောက်လိုသော သူတို့အား ကျေးဇူးများစွာဖြစ်ပေအံ့ဟု အကြံရ၏။ ထိုအကြောင့် လျော်ညီစွာ မိလိန္ဒပဉှာဠိဝင်း ထေရီဂါထာအဋ္ဌကထာဠိဝင်း ဇာတကအဋ္ဌကထာဠိဝင်း ဓမ္မပဒအဋ္ဌကထာဠိဝင်း တွေ့ရသော ပုဒ်တို့ကို စဉ်းစုဆောင်းခဲ့လေရာ နှစ်အနည်းငယ်ကြာမြင့်လတ်သော် လန်ဒန်ပါဠိမူအသင်း (Pali Text Society of London)က စီစဉ်နေသော ပါဠိအဘိဓာန်ကို များမကြာမီ ထုတ်ဝေတော့မည်ဟု သတင်းရသဖြင့် မိမိကိုယ်တိုင် ပါဠို-အင်္ဂလိပ်အဘိဓာန်ကို စုရုံးစီစဉ်မည်ဟူသောအကြံကို စွန့်လွှတ်လိုက်ရလေသတည်း။

၃။ ထိုနောင် ၁၂၉၉ ခုနှစ်လောက်တွင် မြဝတီသျှဘားမားရုပ်ရှင်ကုမ္ပဏီက ဟံသာဝတီပုံနှိပ်တိုက်နှင့်တကွ ထိုပုံနှိပ်တိုက်တွင်းယှဉ် ပစ္စည်းအားလုံးကို သိမ်းကျုံးဝယ်ယူပြီး၍ ထိုဟံသာဝတီပုံနှိပ်တိုက်၌ရှိက်နှိပ်ပြီးသော မင်းကျမင်းနန်းစင်၌ စာလုံးတို့အထူးကြည်လင်လှပသော ပိဋကတ်ပါဠိတော်အဋ္ဌကထာစသော မချုပ်မဖုံးရသေးသော ကျမ်းဂန်များစွာတို့ကို ချုပ်ဖုံးစေ၍ ချုပ်ဖုံးခကျသရွေ့သော အတိုးနှုန်း ဒ-၄ စီထား၍ အလွဲသဘောဖြင့် ရောင်းချလေရာ ဤကဲ့သို့ သမ္မညုရှင်တော်ဘုရား၏ သိမ်မွေနူးညံ့လှစွာသော တရားထူးတရားမြတ်တို့၏ တည်ရာကိန်းဝပ်ရာဓမ္မစေတီဖြစ်၍ အတိုးအနှုတ်ထိုက်သော ကျမ်းတို့ကို မုဒ္ဓဘာသာဝင် ရဟန်းရှင်လူ သူတော်ကောင်းတို့ငှါး တိုက်ရိုက်ဘတ်နိုင်သိနားလည်နိုင်စေရန် လိုအပ်သောအထောက်အပံ့ကိုပေးမည်ဖြစ်သော ပါဠို-မြန်မာ အဘိဓာန်ကို စီစဉ်ရေးသားပါက ခပ်သိမ်းမိုလိလူ အများသူတို့အား အထူးကျေးဇူးများပေအံ့ဟုသော စိတ်အကြံသည် ဖြစ်ပေါ်လာပြန်လေ၏၊ ပိဋကတ်ပါဠိတော်အဋ္ဌကထာတို့၏ နိဿယတို့ကိုလည်း ပညာဂုဏ်အင် စုံလင်ပေသော ပုဗ္ဗာစရိယတို့ စီရင်ခဲ့ပြီးဖြစ်၍ လန်ဒန်ပါဠိမူအသင်းမှထုတ်သော ပါဠို-အင်္ဂလိပ် အဘိဓာန်ကဲ့သို့ ပုဒ်တို့ဖြင့်အထူးစုံလင်သော ပါဠို-မြန်မာ အဘိဓာန်ကို စီစဉ်လျှင် ခဲယဉ်းမည်မဟုတ်ပေရာဟု တွေးဆယုံကြည်မိလေ၏။ ထိုသို့ယုံကြည်ခြင်းဖြစ်သည်အလျောက် ဓမ္မပဒအဋ္ဌကထာ ဇာတကအဋ္ဌကထာ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒီဃနိကာယ် မဇ္ဈိမနိကာယ် အင်္ဂုတ္တရနိကာယ် ဝိနည်းပါဠိတော် ဝိနည်းအဋ္ဌကထာ အဘိဓမ္မာဝတာရနှစ်ကျမ်း ကစ္စည်းဗျာကရဏ်း ပဒရူပသိဒ္ဓိ မောဂ္ဂလ္လာန်ဗျာကရဏ်းစသည်တို့၌ တွေ့ကြုံရသောပုဒ်ဟူသမျှတို့ကို သိမ်းရုံးပေါင်းစု၍ သက္ကတပုဒ်တို့နှင့် ညှိနှိုင်းပြီးလျှင် ဤပဒတ္ထမဉ္ဉူသာဟူသော ပါဠို-မြန်မာ အဘိဓာန်ကို စီရင်ရေးသားရပေသတည်း။

၄။ ဤအဘိဓာန်၌ ပုဒ်ပေါင်း ၅၀၀၀၀ ကျော်ပါဝင်၍ ပုဒ်ဘို့ အထူးစုံလင်ကုန်၏။ ပုဒ်တို့စုံလင်သည့်အပြင် ဤအဘိဓာန်၌ ထူးကဲသော အချက်များကား—

(၁) ပုဒ်ရင်းတို့၌ သဏ္ဌာန်တူညီသော သက္ကတပုဒ်တို့ကို ယှဉ်ပြိုင်၍ပြထားခြင်း။

http://www.dhammadownload.com

(၂) ဟုဒ်ရင်းတို့သည် အဘယ်ဥပသာရ အဘယ်ဓာတ် အဘယ်ပစ္စည်းဘို့ကို ပေါင်းစပ်၍ ဖြစ်ပေါ်လာကြောင်းကိုပြထားခြင်း။

(၃) သမ်ာသ်ဟုဒ်တို့ကိုလည်း အဘယ်ဟုဒ်တို့ ပေါင်းစပ်၍ ဖြစ်လာကြောင်းကို ပြထားခြင်း။

(၄) ဟုဒ်တို့၏ အနက်တို့ကိုလည်း ပုဗ္ဗာစရိယ နိဿယဆရာတို့ အသုံးပြုအပ်သော ဝေါဟာရစကား ရပ်များဖြင့် ပေးထားခြင်း။

(၅) အောက်ပါ နောက်ဆက်တွဲတို့လည်း ပါဝင်ခြင်း—

က။ ဓာတုကထာဒီပနီ—ဓာတ်တို့ကို အနက်နှင့်တကွ အကျဉ်းချုပ်အစဉ်ဖြင့် ပြခြင်း။
ခ။ ကိတ်ပစ္စည်းတို့ကို ပြခြင်း။
ဂ။ တဒ္ဓိတ်ပစ္စည်းတို့ကို ပြခြင်း။
ဃ။ နိပါတ်ဟုဒ်တို့ကို ပြခြင်း။
င။ ဥပသာရဟုဒ်တို့ကို ပြခြင်း။
စ။ နာမ်ဟုဒ်တို့၌ ဝိဘာတ်သက်ပုံကို ပြခြင်း။
ဆ။ အာချာတ်ဟုဒ်တို့၌ ဝိဘာတ်သက်ပုံကို ပြခြင်း။

ဟူသော အချက်တို့ ဖြစ်ကုန်သည်။

၅။ ဟုဒ်ရင်းတို့၌ သဏ္ဌာန်တူညီသော သက္ကတဟုဒ်တို့ကို ယှဉ်ပြိုင်၍ ပြထားရခြင်း၏ အကျိုးကျေးဇူးကို ထုတ်ဖော်ပြောဆိုပေအံ့။ သဏ္ဌာန်တူညီသော် ပါဠိဟုဒ်သက္ကတဟုဒ်တို့သည် များသောအားဖြင့် အနက်တူကုန်သော်လည်း အချို့တို့မှာ အနက်မတူကြကုန်။ ထိုသို့အနက်မတူကုန်သော်လည်း ဥပသာရနက် ဓာတ်နက် ပစ္စည်းနက်တို့မှာ တူကုန်သည်သာဖြစ်၍ သက္ကတဟုဒ်တို့သည် ပါဠိဟုဒ်နက်တို့ကို တိမ်းမယိမ်းရလေအောင် ထိန်းသိမ်းကုန်လေသည်။ သက္ကတဟုဒ်တို့သည်လည်း သန္ဓိစပ်ခြင်း၌ ထူးကဲစွာ ပေါ်လွင်ထင်ရှားသဖြင့် ပါဠိဟုဒ်တို့၏ အနက်တို့ကို ထင်လင်းစေကုန်သည်သာမက ပါဠိဟုဒ်တို့သည် အဘယ်ဥပသာရ အဘယ်ဓာတ် အဘယ်ပစ္စည်းတို့ကို ပေါင်းစပ်၍ ဖြစ်လာကြောင်း ဟူသောမျူဗွတ်ကို ဝေဘန်ရာ၌ အထောက်အပံ့ကို ပေးကုန်လေသည်။ သို့ဖြစ်၍ သက္ကတဟုဒ်တို့သည် ပါဠိဟုဒ်ဘို့ကို ပျက်ချော်ချွတ်ယွင်းခြင်းမှ ကာကွယ်စောင့်ရှောက်ရာ၌ဝင်း ပါဠိဟုဒ်တို့၏အနက်တို့ကို ကြံဆရာ၌ဝင်း အထူးသဖြင့် ကျေးဇူးပြုကုန်သည်။ ထိုအကြောင်းများကြောင့် ဤအဘိဓာန်၌ ပါဠိဟုဒ်ရင်းတို့ကို သဏ္ဌာန်တူညီသော သက္ကတဟုဒ်တို့ဖြင့် ယှဉ်တွဲ၍ ပြထားရပေသတည်း။ ဤသို့ယှဉ်တွဲ၍ ပြထားရခြင်းဖြင့်လည်း ဤအဘိဓာန်ကို လက်ကိုင်ထား၍ ပါဠိဘာသာကို တတ်မြောက်လေအောင် သင်ကြားလေ့လာကုန်သော စာသင်သားတို့သည် သက္ကတဟုဒ်များကို ကြိမ်ဖန်များစွာ တွေ့ကြုံရသဖြင့် ဟိတောပဒေဒ၊ ပဥ္စတန္တြ၊ ရာမာယဏ၊ မဟာဘာရတ၊ ဥပနိဗန် စသော သက္ကတကျမ်းတို့ကို ဘတ်ရှုရာ၌ဝင်း ကစ္စည်းများကရုဏ်း၏မူရင်းဖြစ်သော ကာတန္တြ-ပါဏိနီများကရုဏ်း မောဂ္ဂလ္လာန်များကရုဏ်း၏မူရင်းဖြစ်သော စန္ဒြဝန္တိ အဘိဓာနပ္ပဒီပိကာ၏ မူရင်းဖြစ်သော အမရကောဒတို့ကို ဘတ်ရှုရာ၌ဝင်း သက္ကတ ဘာသာကား မခဲယဉ်းလှချေဟူသော အယုံအကြည်ကို ရကြပေလိမ့်မည်။

၆။ ဤသို့ ဟုဒ်ရင်းတို့၌ သက္ကတဟုဒ်တို့ကို ယှဉ်ပြိုင်၍ ပြထားသော်လည်း ဝိဒူကတ်ပါဠိတော် အဋ္ဌကထာများကရုဏ်းတို့နှင့် အခြားထုတ်ဖော်ပြထားလတ္တံ့သော ကျမ်းတို့၌ တွေ့ကြုံရသော ဟုဒ်တို့ကိုသာ ဤအဘိဓာန်၌ ထည့်သွင်းထားပါသည်။ သက္ကဘာသက်သက်ဖြစ်ကုန်သော ဟုဒ်တို့ကို ပါဠိသဏ္ဌာန်ဆင်၍ ပါဠိဟုဒ်တို့၏အဖြစ်ဖြင့် ဤအဘိဓာန်၌ ထည့်သွင်းထားခြင်းမယိုချေ။ ဟုဒ်တို့၏ အနက်တို့ကို ပေးရာ၌လည်း ပါဠိတော်အဋ္ဌကထာတို့၌ အသုံးပြုအပ်သော အနက်တို့ကိုသာ ပေးထားပါသည်။ သက္ကတကျမ်းတို့၌သာ အသုံးပြုအပ်သော အနက်တို့ကို ထည့်သွင်းထားခြင်းမယိုချေ။ သို့ဖြစ်၍ ဤအဘိဓာန်သည် မလိုအပ်သော်ဟုဒ်တို့ဖြင့်ဝင်း မလိုအပ်သောအနက်တို့ဖြင့်ဝင်း ကျမ်းလေးခြင်းမယိုသည်ဖြစ်၍ ပညာလိုလားစာသင်သားတို့အဘို့ များစွာသင့်လျော်ပေလိမ့်မည်။

၇။ ဟုဒ်ရင်းတို့၌ ဥပသာရ ဓာတ် ပစ္စည်းတို့ကို ဖေါ်ပြရခြင်း၏ အကျိုးကျေးဇူးမှာမူ စာသင်သားတို့သည်

http://www.dhammadownload.com

ဥပသာရ စာတ် ပစ္စည်းတို့ကို ယှဉ်တွဲ၍ပြထားသော ပုဒ်တို့ကို မြင်ကာမျှဖြင့် ထိုပုဒ်တို့၏ အနက်တို့ကို လွယ်ကူစွာ သိမြင်နိုင်ကုန်ရာသည်။ ထိုပုဒ်တို့ကိုလည်း အနက်နှင့်တကွ လွယ်ကူစွာ မှတ်သားနိုင်ကုန်ရာသည်။ မှတ်သားအပ်ပြီးသော ပုဒ်တို့ကိုလည်း အနက်တို့ကိုလည်း မမေ့လွယ်နိုင်ကုန်ရာသည်။ ထိုကြောင့် ပုဒ်ရင်းတို့၌ ငင်းပုဒ်တို့၏ ဗျုပ္ပတ္တိကို ပြထားရခြင်း၏ အကျိုးကျေးဇူးသည် အလွန်များလှပေသည်။ ထိုမှတပါးလည်း ကေစိဆရာတို့သည် အဘွားနောမတိကို ဒေးထား၍ ပုဒ်တို့၏ အနက်တို့ကို ချွတ်ချော်မှားယွင်းစွာ ဝေဘန်ခဲ့ကုန်လျှင် ထိုဆရာတို့၏ မှားယွင်းသော အဖြစ်ကို ရှင်းလင်းစွာသိသာနိုင်ရန် ဤအဘိဓာန်မှ အကူအညီကို ရနိုင်ပေလိမ့်မည်။

၈။ ဤအဘိဓာန်၌ အနောက်နိုင်ငံသားတို့ စီရင်ခဲ့ပြီးဖြစ်သော အင်္ဂလိပ်အဘိဓာန် မြန်မာ-အင်္ဂလိပ် အဘိဓာန် မွန်-အင်္ဂလိပ်အဘိဓာန် ရှမ်း-အင်္ဂလိပ်အဘိဓာန် သက္ကတ-အင်္ဂလိပ်အဘိဓာန် ပါဠိ-အင်္ဂလိပ်အဘိဓာန် တရုပ်-အင်္ဂလိပ်အဘိဓာန်စသော အဘိဓာန်တို့ကဲ့သို့ သမာသ်ပုဒ်တို့ အမြောက်အမြား ပါဝင်ကုန်၏။ သက္ကတသဒ္ဒါကျမ်းတို့၌ပင်း ပါဠိသဒ္ဒါကျမ်းတို့၌ပင်း ကွမ်းပြုဆရာတို့သည် သမာသ်ပုဒ်တို့ကို အထူးသဖြင့် ဂရုစိုက်ကြကုန်၏။ ကမ္ဘည်းမျာကရုဏ်းဟူသော သဒ္ဒါကြီးရှစ်စောင်တွင် စတုတ္ထအစောင်၌ သမာသ်ပုဒ်တို့ကို အကျယ်ပြဆိုအပ်ကုန်၏။ မောဂ္ဂလ္လာန်များကရုဏ်းတွင်လည်း တတိယကဏ္ဍ၌ သုတ်ပေါင်း ၁၁၀ တိုဖြင့် သမာသ်ပုဒ်တို့ကို အကျယ်ပြဆိုအပ်ကုန်၏။ ထိုသို့ ပါဠိဘာသာ၌ သမာသ်ပုဒ်တို့ကို အထူးအလေးပြုသင့်သဖြင့် ဝိဋ္ဌကတ်ပါဠိတော် အဋ္ဌကထာတို့တွင် တွေ့ကြုံရသမျှသော သမာသ်ပုဒ်တို့ကို ဤအဘိဓာန်၌ ထည့်သွင်းဖော်ပြထားရပေသည်။ ဤသို့ အဘိဓာန်၌ သမာသ်ပုဒ်တို့ကို ထည့်သွင်းဖေါ်ပြထားရခြင်း၏ အကျိုးကျေးဇူးတို့ကား။ (၁) သမာသ်ပုဒ်တို့ကို အဘယ်သို့ ပုဒ်ဖြတ်ရမည်ဟု လွယ်လင့်တကူ သိမြင်နိုင်ခြင်း။ (၂) ဝိဋ္ဌကတ်ပါဠိတော်အဋ္ဌကထာတို့၌ အဘယ်သို့သော သမာသ်ပုဒ်တို့ကို သုံးနှုန်းလေ့ယိုကြောင်း အလွယ်တကူ သိမြင်နိုင်ခြင်း။ (၃) သမာသ်ပုဒ်တို့၏ အနက်တို့ကို အချိန်မလစ်ဟင်းဘဲ တွေ့မြင်နိုင်ခြင်း။ (၄) သမာသ်ပုဒ်တို့များသော ပုဒ်ရင်းတို့ကို ငင်းပုဒ်တို့၏အနက်တို့နှင့်တကွ စိတ်ထဲ၌ ခိုင်မြဲစွာ မှတ်သားမိနိုင်ခြင်း စသည်တို့တည်း၊

၉။ ဤအဘိဓာန်၌ ပုဗ္ဗာစရိယ နိဿယဆရာမြတ်တို့ စံပြခဲ့သည့်နည်းအတိုင်း ပုဒ်တို့၏ အနက်တို့ကို ပေးထားသည်ဖြစ်၍ ရှေးအစဉ်အဆက် ပဝေဏီမပျက်သဖြင့် နိဿယတို့ကို အခိုတကဲပြု၍ ပါဠိဘာသာကို လေ့လာခဲ့သော စာသင်သားတို့သည် ဤအဘိဓာန်ကို မှီခိုအားထားကာ ပါဠိဘာသာကို တိုးချဲ့မှားများနိုင်ကုန်ရာ၏။ ဤအဘိဓာန်ကို လက်စွဲ၍ ပါဠိဘာသာကို သင်ယူမှတ်သားမည်ဖြစ်ကုန်သော သူတို့သည်လည်း ပါဠိစာပိုဒ်တခုခု၏ အနက်ကို သေချာသည်ထက် သေချာစွာ သိမြင်နိုင်ခြင်းအကျိုးငှါ နိဿယတို့၌ ပေးထားသော အနက်တို့ဖြင့် ညှိနှိုင်းနိုင်ကုန်ရာ၏။ လိုင် စာတ် ပစ္စည်းတို့ကိုမူ နိဿယတို့၌ မတွေ့မြင်နိုင်ရာ။ အဘိဓာန်၏ အရာဖြစ်၍ အဘိဓာန်၌သာလျှင် တွေ့မြင်နိုင်ရာ၏။ စင်စစ်သော်ကား အဘိဓာန်နှင့် နိဿယတို့သည် အချင်းချင်းလိုရာအကျိုးကို ဖြည့်စွက်နိုင်ကုန်၏။

၁၀။ ဤအဘိဓာန်၏ နောက်ဆက်တွဲတို့ကား သဒ္ဒါမသင်ဘူးသော သူတို့၏အတွက်ဖြင့်၊ သဒ္ဒါသင်ဘူးသော်လည်း သဒ္ဒါမကြေသေးသော သူတို့၏အတွက်ဖြင့် ဖြစ်ပေ၏။ ငါတို့မြတ်စွာဘုရားသခင်သည် သက္ကရာဇ် ၁၀၃ ခု (ခရစ်မပေါ်မီ ၅၂၈ ခုနှစ်) ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့၌ ဘုရားအဖြစ်သို့ ရောက်တော်မူသည်မှ သက္ကရာဇ် ၁၄၈ ခု ကဆုန်လပြည့် အင်္ဂါနေ့တွင် ပရိနိဗ္ဗာန် စံလွန်တော်မူသည့်တိုင်အောင် လေးဆယ့်ငါးနှစ်တိုပတ်လုံး ရာဇဂြိုဟ်ပြည် ဝေသာလီပြည် သာဝတ္ထိပြည် ကောသမ္ဗီပြည် သင်္ကဿပြည် ဝေရဉ္ဇာပြည် နာဠန္ဒာ ဝေဠုဝဂ္ဂာ စသော မင်္ဂိုလ်ဒေသယို မြို့ရွာတို့ကို ဒေသစာရိလှည့်လည်ကာ သဃ္မာ၌ဂာဏ်ဖြင့် ရအပ်သော တရားထူးတရားမြတ်တို့ကို ဟောကြားတော်မူ၍ ကျွတ်ထိုက်သော ဝေနေယျပုဂ္ဂိုလ်တို့ကို အမြုံကိန်ဗွာန်သို့ ပို့ဆောင်တော်မူခဲ့လေပြီ။ ထိုတရားထူးတရားမြတ်တို့ကို ဟောပြောတော်မူရာ၌ မြတ်စွာဘုရားသခင်သည် ဗေဒကျမ်းတို့ကို တတ်မြောက်ကုန်သော ပုဏ္ဏားတို့လေ့လာသော သက္ကတဘာသာဖြင့် ဟောပြောတော်မမူဘဲ မဂ္ဂိုလ်ဒေသနေ လူသာမန်တို့ နေ့စဉ်ပြောဆိုသော စကားရပ်တို့ဖြင့်သာလျှင် ဟောပြောတော်မူခဲ့လေသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူသည့်နှစ်ဝါတွင်း၌

http://www.dhammadownload.com

အရှင်မဟာကဿပမထေရ်ကို အမှူးထားသော ရဟန္တာမထေရ်ငါးရာတို့သည် ရာဇဂြိုဟ်ပြည်၏အနီး အဇာတသတ်မင်းစိုရင်အပ်သော ဝေဘာရတောင် သတ္တပဏ္ဏိဂုဟ်၌ ဘုရား၏စကားတော်ဖြစ်သော ပိဋကတ်တော်တို့ကို ခုနစ်လပတ်လုံး အညီအညွတ်ရွတ်ဆိုကြကုန်လျက် ပထမသင်္ဂါယနာ တင်ကြကုန်၏။ ထိုနောင် အနှစ်တရာလွန်မြောက်လတ်သော် ဝေသာလီပြည်တွင် အရှင်မဟာယသမထေရ်အမှူးယှဉ်သော ရဟန္တာမထေရ်ခုနစ်ရာတို့သည် ကာလာသောကမင်းဆောက်လုပ်အပ်သော မဏ္ဍပ်ကြီး၌ ပိဋကတ်တော်တို့ကို ဒုတိယအကြိမ် သင်္ဂါယနာတင်ကြကုန်၏။ ထိုသင်္ဂါယနာကား ရှစ်လကြာမှ ပြီးဆုံးလေ၏။ ထိုနောင် ခရစ်မပေါ်မီ ၂၄၇ ခုနှစ် သီရိဓမ္မာသောကမင်း၏ လက်ထက်၌ အရှင်မောဂ္ဂလိပုတ္တမထေရ်အမှူးယှဉ်သော ရဟန္တာမထေရ်တထောင်တို့သည် ပါတလိပုတ်ပြည် အသောကာရာမကျောင်းတော်ကြီး၌ ပိဋကတ်တော်တို့ကို တတိယအကြိမ် သင်္ဂါယနာတင်ကြကုန်၏။ ထိုသင်္ဂါယနာသည် ကိုးလကြာမှ ပြီးဆုံးလေ၏။ တတိယသင်္ဂါယနာတင်ပြီးသည့်နောက် အရှင်မောဂ္ဂလိပုတ္တမထေရ်သည် မြတ်စွာဘုရား၏ သာသနာတော်ကို ပြန့်နှံ့စေခြင်းငှါ ရဟန္တာမထေရ်တို့ကို ကိုးတိုင်းကိုးဌာနတို့သို့ စေလွှတ်တော်မူ၏။ ထိုသို့စေလွှတ်အပ်သော မထေရ်တို့အနက် သောဏထေရ၊ ဥတ္တရထေရ်တို့ကို သုဝဏ္ဏဘူမိဖြစ်သော သထုံပြည်သို့ စေလွှတ်တော်မူ၏။ မဟိန္ဒမထေရ်အမှူးယှဉ်သော ငါးပါးသောထေရ်တို့ကို လင်္ကာဒီပမည်သော သီဟိုလ်ကျွန်းသို့ စေလွှတ်တော်မူ၏။ သီဟိုလ်ကျွန်း၌ သာသနာတော် ပြန့်ပွားပြီးသည်ဖြစ်၍ မြတ်စွာဘုရားပရိနိဗ္ဗာန်စံပြီးသည့်နောက် အနှစ်တထောင်ကျော်၌ လွန်လတ်သော် အရှင်ပုဗ္ဗဓောသသည် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဇာတကအဋ္ဌကထာ ဓမ္မပဒအဋ္ဌကထာ စသော ကျမ်းတို့ကို စီရင်တော်မူ၏။ အရှင်ဓမ္မပါလသည်လည်း ထေရဂါထာအဋ္ဌကထာ ထေရီဂါထာအဋ္ဌကထာ စသော ကျမ်းတို့ကို စီရင်တော်မူ၏။ သို့ဖြစ်၍ ပါဠိဘာသာဟု အမည်တွင်သော ဘာသာစကားသည် မြတ်စွာဘုရားသက်တော်တင်ရှားယှဉ်စဉ် မဂဓိမဒေသ၌နေသော လူသာမန်တို့ နေ့စဉ်ပြောဆိုသော ပါကတိက သဘာဝ ဘာသာစကားတရပ် ဖြစ်သတည်း။

၁၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ နေထိုင်ကြကုန်သော မြန်မာလူမျိုး မွန်လူမျိုး ကရင်လူမျိုး ရှမ်းလူမျိုး ချင်းလူမျိုး ကချင်လူမျိုး စသည်ဘိုသည် သဒ္ဒါကျမ်းတို့ကို မသင်ဘဲ သဘာဝဓမ္မအတိုင်း မိမိတို့ အသီးသီးတို့၏ ဘာသာစကားတို့ကို ပြောဆိုနိုင် ရေးသားနိုင်ကြကုန်၏။ ထိုနည်းတူစွာ မြတ်စွာဘုရားသင်္ဃလက်ထက် မဂဓိမဒေသ၌ နေသော သူတို့သည် ကစ္စည်းစသောသဒ္ဒါကျမ်းတို့ကို မသင်ရဘဲ မိမိတို့၏ ဘာသာစကားကို ပြောဆိုနိုင်၍ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောပြောတော်မူအပ်သော တရားတော်မြတ်တို့ကို နာကြားနိုင် ဆွေးနွေးနိုင် ကျွင်းသုံးဆောက်တည်နိုင်ကြကုန်၏။ စင်စစ်သော်ကား မြတ်စွာဘုရား၏ လက်ထက်တော်၌ ကစ္စည်းစသော သဒ္ဒါကျမ်းတို့သည် မပေါ်ပေါက်သေးချေ။ သီရိဓမ္မာသောကမင်း၏ ကျောက်စာတို့ကို ဘတ်ရှလျှင် ထိုမင်း၏လက်ထက် မဂ္ဂဓိမဒေသ၌ နေသူတို့၏ ဘာသာစကားသည် မည်မျှရွှေ့လျောပြောင်းလွဲလာကြောင်းကို ချိန်ဆသိမြင်နိုင်ရာ၏။ အဘယ်မျှ ရွှေ့လျောပြောင်းလွဲလာသနည်းဟူမူ မြတ်စွာဘုရားစကားတော်ဖြစ်သော ပိဋကတ်တော်တို့ကို ကောင်းစွာ မသိစွမ်းနိုင်သေးအခြေသို့ ရောက်လေကုန်၏။ ထိုကြောင့် မြတ်စွာဘုရား၏စကားတော်ကို သိစွမ်းနိုင်စေသည့် အထောက်အပံ့ကို ရစေခြင်းငှါ ပါဏိနိသဒ္ဒါကျမ်း ကာတန်ဿဒ္ဒါကျမ်းဟူသော သက္ကတသဒ္ဒါကျမ်းတို့ကို မူထား၍ ကစ္စည်းသဒ္ဒါကျမ်းကို ပညာယှဉ်တို့ စီရင်ကြကုန်၏။ မောဂ္ဂလ္လာန်သဒ္ဒါကျမ်းကိုကား သီဟိုလ်ကျွန်းတွင် သာသနာတော် နှစ် ၁၆၉၆ ခုနှစ်၌ မင်းအဖြစ်သို့ရောက်တော်မူသော မဟာပရက္ကမဗာဟုမင်းလက်ထက် အနုရာဓပြိုရ် ထူပါရုံကျောင်းတိုက်၌ သီတင်းသုံးနေတော်မူသော အရှင်မောဂ္ဂလ္လာန်ထေရ်သည် စန္ဒဂေါမိန် စီရင်အပ်သော သက္ကတသဒ္ဒါကျမ်းကို မူထား၍ စီရင်တော်မူ၏။

၁၂။ ယခုအခါ၌ ပါဠိဘာသာကို အကယ်ပင်တတ်မြောက်လိုသော စာသင်သားဘိုသည် သဒ္ဒါကျမ်းကြေမှ ပိဋကတ်ပါဠိတော်အဋ္ဌကထာတို့ကို ဘတ်ရှနိုင် သိစွမ်းနိုင်မည်ဟု အယုံအကြည်ရှိရကား ကစ္စည်းစသောသဒ္ဒါကျမ်းတို့၏ သုတ်ဝုတ္တိတို့ကို အနက်နှင့်တကွ အာဂုမ်နှုတ်တက် ရအောင်ကျက်၍ နှုတ်တက်ရေးသောသုတ်တို့ဖြင့် ပုဒ်တို့ကို ရုပ်ဘွင်ကြကုန်၏။ ထိုနည်းဖြင့် ဥာဏ်ထက်မြက်သော ပုဂ္ဂိုလ်တို့သည် ပါဠိဘာသာ၌ ပါရဂူအဖြစ်သို့ ရောက်ကြကုန်သော်လည်း များလှစွာသော စာသင်သားဘိုသည် သဒ္ဒါမကြေနိုင်သဖြင့် ပိဋကတ်ပါဠိတော်အဋ္ဌကထာတို့ကို

http://www.dhammadownload.com

ဘတ်ရှနိုင်သိစွမ်းနိုင်သောဒေဖြဲသို့ မရောက်ကြလေကုန်။ အနောက်နိုင်ငံသားတို့ကား ပါဠိဘာသာကို သင်ကြား လေ့လာရာ၌ ကစွဲလည်းရှုပသိဒ္ဓိမောဂ္ဂလ္လာန်စသော ပါဠိဘာသာဖြင့် စိရင်အပ်သော သဒ္ဒါကျမ်းဘို့၏ သုတ်ဝုတ္တိတို့ကို အာဂုမ်နှုတ်တက်ရအောင် လေ့ကျင့်ခြင်း နှုတ်တက်ရပြီးသော သုတ်ဘို့ဖြင့် ပါဠိပုဒ်တို့ကို ရုပ်ဘွက်ခြင်းဟူသော ငြိုငြင်စွာသောအားထုတ်ခြင်း၌ လွဲလမြဘဲ မိမိဘို့ဘာသာဖြင့် စိရင်အပ်သည်ဖြစ်၍ သုတ်ဝုတ္တိတို့မပါဘဲ နာမ်ပုဒ် တို့၌ ဝိဘတ်သက်သောနည်း အာချာတ်ပုဒ်တို့၌ ဝိဘတ်သက်သောနည်း စသောနည်းတို့ကို စုပေါင်း၍စိရင်အပ်သော သဒ္ဒါကျမ်းတို့ကိုသာ လွယ်ကူစွာ သင်ယူ၍ အဘိဓာန်ကို လက်စွဲလျက် ပိဋကတ်ပါဠိတော်အဋ္ဌကထာတို့ကို ဘတ်ရှ သိစွမ်းနိုင်ကုန်၍ မြတ်စွာဘုရား၏ ဒေသနာတရားတော်တို့၏ ဘန္ဒစ်သာရကို သုံးဆောင်ခံစားကြကုန်၏။

၁၃။ ဤအဘိဓာန်၏ နောက်ဆက်တွဲတို့ကို ပြုပြင်စီစဉ်ရာ၌ ကစွဲလည်းရှုပသိဒ္ဓိမောဂ္ဂလ္လာန်ဟူသော သဒ္ဒါကျမ်း တို့၏ အဆီအနှစ်ကို ထုတ်ယူသည့်အလား ၎င်းကျမ်းတို့တွင်ပါဝင်သော နည်းကောင်းနည်းသန့်တို့ကို ထုတ်နုတ်၍ ပြုပြင်စီရင်အပ်ကုန်၏။ ကစွဲလည်းစသောသဒ္ဒါကျမ်းတို့ကို မသင်ရသေးသော စာသင်သားဘို့သည်၎င်း၊ သင်ပြီး၍ သဒ္ဒါမကြေသေးသော စာသင်သားတို့သည်၎င်း၊ ဤအဘိဓာန်၏နောက်ဆက်တွဲတို့၌ ဖော်ပြအပ်သောနည်းတို့ကို ဘတ်ရှမှတ်သား၍ ဤအဘိဓာန်ကို လက်ကိုင်ထားပြီးလျှင် ပိဋကတ်ပါဠိတော်အဋ္ဌကထာတို့ကို ဘတ်ရှ၍ မြတ်စွာ ဘုရား၏ နက်နဲသိမ်မွေ့လှစွာသော တရားထူးတရားမြတ်တို့၏ အနှစ်အရသာကို သုံးဆောင်ခံစားကြလေကုန်။ ပါဠိဘာသာကို သင်ကြား၍ အတော်အတန်တတ်မြောက်ပြီးသကာလ ကစွဲလည်းစသောသဒ္ဒါကျမ်းတို့ကို အလိုယို့ပါက လွယ်ကူစွာ သင်ကြားတတ်မြောက်ကုန်ရာ၏။

၁၄။ အဘိဓာနဟူသော ပါဠိစကားသည် အမည်ကို ဟော၏။ အဘိဓာနပွဲဒီပိကာဟူသောကျမ်းသည် အမည်ကို (၀၂) နာမ်ပုဒ်တို့ကို ဟောပြောသောကျမ်းဖြစ်၍ မြန်မာဘာသာ၌ အဘိဓာန်ကျမ်းဟု အမည်တွင်၏။ အဘိဓာန်ကျမ်းကိုအကြောင်းပြု၍ နာမ်၊ အာချာတ်၊ နိပါတ်၊ ဥပသာရ ဟူသော ပုဒ်လေးပါးစလုံးကိုဟောသော (၀၂) စာပေကျမ်းဂန်တို့၌ ကွေ့ယှိသမျှသောပုဒ်တို့ကို အကွရာအစဉ်ဖြင့်စုရုံး၍ ထိုပုဒ်တို့၏အနက်စသည်တို့ကို ဖော်ပြ သောကျမ်းကိုလည်း မြန်မာဘာသာ၌ အဘိဓာန်ဟူ၍လျှင် ခေါ်ဝေါ်ကြကုန်၏။ ထိုကြောင့် မြန်မာအဘိဓာန်၊ မွန်အဘိဓာန်၊ ရှမ်းအဘိဓာန်၊ အင်္ဂလိပ်အဘိဓာန်တို့၌ နာမ်ပုဒ်တို့ကိုသာမဟုတ် ပုဒ်လေးပါးစလုံးတို့ကို တွေ့ကြုံရ၏။ ထိုနည်းတူစွာ ဤပဒယွဇဉ္ဇသာဟူသော ပါဠို-မြန်မာ အဘိဓာန်၌လည်း ပုဒ်လေးပါးတို့ကို (၀၂) ဝိဋကတ်ပါဠိတော် အဋ္ဌကထာတို့၌ တွေ့ကြုံသမျှသော နာမ်ပုဒ်၊ အာချာတ်ပုဒ်၊ နိပါတ်ပုဒ်၊ ဥပသာရပုဒ်တို့ကို အကွရာအစဉ်ဖြင့် ပေါင်းစုထည့်သွင်း၍ ၎င်းပုဒ်တို့၏အနက်တို့ကို မျူပွတ်နှင့်တကွ ထုတ်ဖော်ဟောကြားအပ်ကုန်၏၊ အာဘယာရာမ ဆရာတော် စိရင်အပ်သော အမရကောသပါဠိနိဿယ၏ နိဒါန်း၌ "ပညာရှိကြီးပင် ဖြစ်ငြားသော်လည်း အဘိဓာန် ကူသောကောသကျမ်း လက်ကိုင်မရှိမူ တွေ့သမျှသော ပုဒ်တို့၏ အနက်ကို မသိနိုင်၍ လိုအပ်သောကိစ္စ မပြီးစီရှိလေရာ၏" ဟူသော စကားရပ်ကို တွေ့မြင်ရ၏။ ဤအဘိဓာန်၌လည်း ပညာနုသောစာသင်သားတို့သည်၎င်း၊ ပညာ ရင့်သော စာချဟုရှိလတို့သည်၎င်း၊ ခပ်သိမ်းသောရဟန်းရှင်လူတို့သည် ပိဋကတ်ပါဠိတော်အဋ္ဌကထာ ဋီကာတို့ကို သင်အံရွတ်ဘတ် လေ့ကျက်မှတ်သား ပြဿဒ္ဓိချရာ၌ အဘယ်ပုဒ်တို့၏အနက်တို့ကိုမဆို လိုအပ်သောအနက်တို့ကို တွေ့သိ နိုင်ပါစေသတည်းဟု အားထုတ်အပ်သတည်း၊

၁၅။ ဤအဘိဓာန်ကို စီစဉ်ရေးသားရာ၌ ကျွန်ုပ် ကြည့်ရှုကိုးကားသော ကျမ်းတို့ကို အောက်၌ ဖော်ပြထား သည်။

(၁) ဇာတကအဋ္ဌကထာပါဠိ။
(၂) ငါးရာ့ ငါးဆယ် ဝတ္ထု—ညောင်ကန် ဆရာတော်။
(၃) မဟာဇနကဇာတကပါဠိ။
(၄) မဟာဇနကဇာတ်တော်ကြီးဝတ္ထု။
(၅) ဝေဿန္တရဇာတကပါဠိ။
(၆) ဝေဿန္တရာဇာတ်တော်ကြီးဝတ္ထု။
(၇) ဓမ္မပဒအဋ္ဌကထာပါဠိ။
(၈) ဓမ္မပဒဝတ္ထုတော်ကြီး။
(၉) ဝိသုဒ္ဓိမဂ်အဋ္ဌကထာပါဠိ။

http://www.dhammadownload.com

(၁၀) ဝိသုဒ္ဓိမဂ်အဋ္ဌကထာ နိသျ—ပြည်ဆရာတော်။
(၁၁) ဝိနယဝိဋ္ဌကပါဠိတော်။
(၁၂) ဝိနယဝိဋ္ဌကပါဠိတော်နိသျ။
(၁၃) ဝိနယအဋ္ဌကထာပါဠိ။
(၁၄) ဝိနယအဋ္ဌကထာနိသျ—ဇမ္ဗုဓဇမထေရ်။
(၁၅) ဒီဃနိကာယ်ပါဠိတော်း
(၁၆) ဒီဃနိကာယ် ပါဠိတော် နိသျ—နေရင်းဆရာတော်။
(၁၇) မဇ္ဈိမနိကာယ်ပါဠိတော်။
(၁၈) မဇ္ဈိမနိကာယ်ပါဠိဘော်နိသျ။
(၁၉) အင်္ဂုတ္တိရ်ပါဠိတော်။
(၂၀) အင်္ဂုတ္တိရ်ပါဠိတော်နိသျ။
(၂၁) အဘိဓမ္မာဝိဋ္ဌကပါဠိတော်။
(၂၂) အဘိဓမ္မာဝိဋ္ဌကပါဠိတော်နိသျ။
(၂၃) အဘိဓမ္မတ္ထသင်္ဂဟပါဠိနိသျ။
(၂၄) ပရိတ်ကြီးပါဠိတော်ပါဠိနိသျ။
(၂၅) အလင်္ကာကျမ်းနိသျ—ယောမင်းကြီး။
(၂၆) ဥတုဘောဇန သင်္ဂဟကျမ်း—ယောမင်းကြီး။
(၂၇) ကဝိမျက်မှန်သတ်ပုံကျမ်း—ဆရာဦးကျော်ထွန်း။
(၂၈) ပေါရာဏမူလကထာအဘိဓာန်—ဆရာဖြူ။
(၂၉) ပညတ်နက်ကျမ်း—မြတောင်ဆရာတော်။
(၃၀) ပါဠိ-အဘိဓာန်—လယ်တီပဏ္ဍိတ။
(၃၁) နန်းကျောင်းမူသဒ္ဒါကြီးနိသျ။
(၃၂) ရူပသိဒ္ဓိစာကိုယ်ပါဠိ။
(၃၃) မဟာရူပသိဒ္ဓိနိဿယ—ဆရာတော်ဦးမုဒ်။
(၃၄) ဝုတ္တိဝိဝရဏပဋိကာသမေတံ မောဂ္ဂလ္လာနမျာကရဏံ။
(၃၅) မောဂ္ဂလ္လာန်နိသျ—အဘယာရာမဆရာတော်။
(၃၆) မောဂ္ဂလ္လာန်မျာကရဏ်းပဋိကာနိသျ—အဘယာရာမဆရာတော်။
(၃၇) ပါဠိသဒ္ဒါချုပ်—ဆရာဥာဏ်။
(၃၈) အမရကောသပါဠိ နိသျ—အဘယာရာမဆရာတော်။
(၃၉) Kaccayana's Pāli Grammar—S.C. Vidyabhusana, M.A.
(၄၀) The Elementary Sanskrit Grammar—G. Thibaut, C.I.E.
(၄၁) Dhātukosha—B.B Shastri.
(၄၂) A Sanskrit Grammar—W. D. Whitney.
(၄၃) A Sanskrit Reader—C. R. Lansman, A.B., L.L.D.
(၄၄) The Higher Sanskrit Grammar—M. R. Kale, B.A.
(၄၅) Dhāturūpa Chandrika—P. V. Upādhye.
(၄၆) Pāli Vocabulary—Chas. Duroiselle.
(၄၇) A Pāli Reader—Dines Andersen.
(၄၈) The Pāli Text Society's Pali-English Dictionary—T. W. Rhys Davids and William Stede.
(၄၉) A Practical Sanskrit Dictionary—A. A. Macdonnell, M.A., Ph. D.
(၅၀) A Sanskrit-English Dictionary—Sir Monier Monier-Williams, M.A., K.C.I.E.
(၅၁) အဘိဓာနပ္ပဒီပိကာနိဿယ—တောင်ပေါက်ဆရာတော် (ပုံမနှိပ်ရသေး)။
(၅၂) ဓာတ္ထတ္ထသင်္ဂြိဟ်ပါဠိနိသျ—မဟာဝိသုဒ္ဓါရာမဆရာတော်။

http://www.dhammadownload.com

၁၆။ ဤအဘိဓာန်ကို ၁၃၁၀ ခုနှစ် ဝါဆိုလတွင် ပထမအကြိမ် ရေးခဲ့ပြီးသည်။ ထိုနောင် မော်နိယာ-ဝိလျံ(စ်)၏ သက္ကတ-အင်္ဂလိပ် အဘိဓာန်ကို လန်ဒန်မြို့မှ မှာယူ၍ရသဖြင့် သက္ကဘပုဒ်များကို လိုအပ်သောနေရာတို့၌ ထပ်ခဲ့သွင်းသည်။ ထိုနောင် မော်လမြိုင်မြို့ ဗောဓိပေါက်ဆရာတော်က မိမိစိရင်အပ်သော (ပုံမရိုက်ရသေးသော) အဘိဓာနပဒီပိကာနိဿယကို ကွန်ပို်၏အဘိဓာန်၌ လိုရာပုဒ်တို့ကို ဖြည့်စွက်ရန် ပေးထားသည်။ ဗောဓိပေါက်ဆရာတော်၏ကူမ်းမှ ထပ်လောင်းခဲ့ထည့်အပ်သောပုဒ်များကို ဤသင်္ကေတ * ဖြင့်ပြထားသည်။ ထိုနောင် စစ်ကိုင်းတောင်ရိုးဘေမတီဆရာတော်က မဟာဝိသုဒ္ဓါရာမဆရာတော် စိရင်အပ်သော ဓာတ္တတ္ထသင်္ဂြိဟ်ပါဠိနိဿယတအုပ်ကို ရှိလိုက်သဖြင့် ၎င်းကျမ်းဖွဲ့ဖော်ပြထားသော ဓာတ်ဘို့ကို ကာလေန၏ အထက်တန်းသက္ကတသဒ္ဒါကျမ်းတွင် ပါသော ဓာတုကောသနှင့်၎င်း၊ ဥပါဒေါ၏ ဓာတုရူပစဋ္ဌိကာဘွင်ပါသော ဓာတုကောသနှင့်၎င်း ညှိနှိုင်း၍ နောက်ဆက်တွဲ(က) ဓာတ္တတ္ထဒီပနီကို ချဲ့ထွင်ရှုရေးသည်။ ထိုဓာတ္တတ္ထသင်္ဂြိဟ်ပါဠိနိဿဒ္ဓ တွေ့ရသော အချို့သော အာချာတ်ပုဒ်များကိုလည်း မဟုသုတအလို့ငှါ အဘိဓာန်၌ထပ်၍ထည့်သည်။ ထိုသို့ထည့်အပ်သောပုဒ်များကို ဤသင်္ကေတ † ဖြင့် ပြထားသည်။ ထိုနောင် ဒက္ခိဏာတိုင်း လယ်ယာစိုက်ပျိုးခြင်း ညွှန်ကြားရေးဝန် ဦးသာမြတ်က ကွန်ပို်၏အဘိဓာန်၌ဖော်ပြထားသော အပင်ကောက်ပဲသီးနှံတို့၏ အမည်ဘို့ကို မိမိ၌ယိုသော ဆိုဝ်ရာ အင်္ဂလိပ်၊ ဟိန္ဒီ သက္ကတဘာသာတို့ဖြင့်ရေးထားသော ကျင်းဘို့ဖြင့် ညှိနှိုင်း၍ ပြင်ဆင်ပေးပါမည်ဟုဝန်ခံသဖြင့် အဘယာရာမဆရာတော်စိရင်သော အမရကောသပါဠိနိဿဒ္ဓ တွေ့ရသော အပင်ကောက်ပဲသီးနှံစသည်တို့၏အမည်တို့ကို ကျွန်ုပ်၏အဘိဓာန်၌ မယိုသေးလျှင် ထပ်၍ထည့်၏။ ဤသို့ဖြည့်ထည့်ရသောပုဒ်တို့ကို ဤသင်္ကေတ ‡ ဖြင့် ပြထားသည်။ ဦးသာမြတ်က အမည်မှန်ပေ၏ဟုသဘောတူသော ပုဒ်တို့ကိုလည်း၊ အမည်မှား၍ ပြင်ထားသော ပုဒ်တို့ကိုလည်း၊ ဤသင်္ကေတ ⅋ ဖြင့် ပြုထားသည်။ ဦးသာမြတ်၏အကြံပေးချက်အရ အပင်တို့၏ ရက္ခမေဒ အမည်ဘို့ကိုလည်း ရောမအက္ခရာတို့ဖြင့် ပေးထားပါသည်။ ဤသို့ထည့်သွင်းခြင်းအားဖြင့် ဆေးကျမ်းကိုဘတ်ရှသော ပုဂ္ဂိုလ်တို့သည် အပင်မှန်တို့၏အမည်တို့ကို တွေ့ခိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ ဦးသာမြတ်ကိုလည်း ဤသို့ကူညီသဖြင့် အလွန်ကျေးဇူးတင်ပါသည်။

၁၇။ အဘိဓာန်၌ ပါဠိပုဒ်တို့ကို သက္ကတပုဒ်တို့နှင့် ယှဉ်ပြိုင်၍ပြထားရခြင်း၏ အကျိုးကျေးဇူးကို ထုတ်ဖော်ပြောဆိုပြီး ဖြစ်သည်။ သက္ကတကျမ်းများကို ယေဘုယျအားဖြင့် နာဂရီအက္ခရာဖြင့် ရေးသားကုန်သော်လည်း ဤအဘိဓာန်မှာ ပါဠိ-မြန်မာ အဘိဓာန်ဖြစ်၍ ပါဠိပုဒ်တို့ကဲ့သို့ သက္ကတပုဒ်တို့ကိုလည်း အဘယာရာမဆရာတော်၏ အမရကောသပါဠိနိဿဒ္ဓ အသုံးပြုသော မြန်မာအက္ခရာဖြင့်ပင် ရေးသားထားသည်။ အဘယာရာမဆရာတော်၏ တပည့် စစ်ကိုင်းတောင်ရိုးဝိပဿနာချောင်ဘွင် သီတင်းသုံးနေသော အရှင်ဦးအရိယာဝံသကလည်း မြန်မာအက္ခရာတို့ကို အသုံးပြုရန်တိုက်တွန်းခဲ့သည်။ သုဓမ္မဝတီ ဦးပန်းမောင်ကလည်း ထိုနည်းတူစွာ တိုက်တွန်းခဲ့သည်။ သို့ရာတွင် မြန်မာအက္ခရာဖြင့်ရေးသားထားသော သက္ကတပုဒ်တို့ကို သက္ကဘာသာကိုလေ့သာသော ဟိန္ဒူလူမျိုးပညာယို့တို့ကဲ့သို့ ပြီသစွာ ရွတ်ဆိုသင့်ရကား သက္ကတဘို့သုံးသော နာဂရီအက္ခရာ ရောမအက္ခရာ မြန်မာအက္ခရာတို့ကို ယှဉ်တွဲ၍ ပြပြီးလျှင် ရွတ်ဆိုရမည့်အသံကိုလည်း လိုရာ၌ မြန်မာအက္ခရာအားဖြင့် ကွင်းထဲ၌ အောက်ပါအတိုင်း ပြုပါအံ့။

အ	အာ	ဣ	ဤ	ဥ	ဦ	၎	၎၌	၎၎	၎၎၌	ဧ	ဲ	ဩ	ဪ
a	ā	i	ī	u	ū	ṛi	ṛī	ḷṛi	ḷṛī	e	ai	o	au
ဿ	ံ	့	်	ဉ	ည	ဇ	ဈ	ဋ	ဌ	ဍ	ဎ	ြ	ော်
						(ရိ)	(ရီ)	(လိ)	(လီ)		(ဧကိုက်)	(ဩကို)	(ဪကောက်)

က	ခ	ဂ	ဃ	င	စ	ဆ	ဇ	ဈ	ဉ
ka	kha	ga	gha	ṅa	ca	cha	ja	jha	ña
က	ခ	ဂ	ဃ	င	စ	ဆ	ဇ	ဈ	ဉ
					(ကျ)	(ချ)	(ဂျ)	(ဈျ)	

http://www.dhammadownload.com

ट	ठ	ड	ढ	ण	न	य	द	ध	न
ṭa	ṭha	ḍa	ḍha	ṇa	ta	tha	da	dha	na
၎	၏	၃	၈	ဏ	တ	ထ	ဒ	ဓ	န

प	फ	ब	भ	म	य	र	ल	व
pa	pha	ba	bha	ma	ya	ra	la	va
ပ	ဖ	ဗ	ဘ	မ	ယ	ရ	လ	ဝ

श	ष	स	ह	ं	ः
ś a	sha	sa	ha	aṁ	aḥ
ၑ	ၐ	သ	ဟ	အံ	အး
(ယ္ဘ)	(ရ္ဟ)	(ဆ)			

क	का	कि	की	कु	कू	कृ	कॄ	कॢ	कॣ	के	कै	को	कौ	कं	कः
ka	kā	ki	kī	ku	kū	kṛi	kṛī	klṛi	klṛī	ke	kai	ko	kau	kaṁ	kaḥ
က	ကာ	ကိ	ကီ	ကု	ကူ	ကၖ	ကၗ	ကဍ	ကဍၗ	ကေ	ကဲ	ကော	ကော်	ကံ	ကး
						(ကရိ)	(ကရီ)	(ကလိ)	(ကလီ)	(ကိုက်)	(ကို)	(ကောက်)			

ပါဠိဋ္ဌတွေ့ကြုံရသော လုံးဆင့်အက္ခရာတို့အပြင် သက္ကတဋ္ဌ အောက်ပါ လုံးဆင့်နှင့် အခြားအက္ခရာတို့ကိုလည်း တွေ့ကြုံရသည်။

kta	ktra	ktri	ktva	ktha	kna	kpa	kma	kla	kli	ksha	kshi	kshī
က္တ	က္တြ	က္တြိ	က္တွ	က္ထ	က္န	က္ပ	က္မ	က္လ	က္လိ	က္ဟ	က္ရွိ	က္ရီ

kṣhai	kshṇa	ksa	gja	gṇa	gda	gdha	gdhi	gna	gni	gbha
က္ရဲ	က္ရ	ဂ္သ	ဂ္ဇ	ဂ္ဏ	ဂ္ဒ	ဂ္ဓ	ဂ္ဓိ	ဂ္နာ	ဂ္နိ	ဂ္ဘ

gma	gla	glai	ghna	ghnī	ghma	ghra	ghri	ñkla	ñkti
ဂ္မ	ဂ္လ	ဂ္လဲ	ဃ္နာ	ဃ္နီ	ဃ္မ	ဃြ	ဃြိ	ဥ်္ကြ	ဥ်္ကြိ

ñkya	ñksha	ñkhsi	ñkhu	ñkhū	ñgū	ñghī	ccai
ဥ်္ကျ	ဥ်္က္ဟ	ဥ်္ခ္သိ	ဥ်္ခု	ဥ်္ခူ	ဥ်္ဂူ	ဥ်္ဃီ	စ္စဲ

cchra	cchri	cya	jjva	jña	jñi	jñī	jya	jra	ñjha	ñjhi
စ္ဆြ	စ္ဆြိ	စ္ယ	ဇ္ဇွ	ဇ္ဉ	ဇ္ဉိ	ဇ္ဉီ	ဇ္ျ	ဇ္ရ	ဉ်္ဇ	ဉ်္ဇိ

http://www.dhammadownload.com

ṭva ḍī ḍga ḍgi ḍhya ṇṭa ṇṭī nma ṇva tka tki
ဋွ ဍီ ဍ္ဂ ဍ္ဂိ ဎျ ဏ္ဋ ဏ္ဌီ ဏ္ဍ ဏ္ဎွ ဏ္ထ ဏ္ထိ

tkī tkra tkri tkha ttva ttvi ttra ttri tna tni tnī tpa
ဏ္ထီ ဏ္ထြ ဏ္ထြိ ဏ္ဒ ဏ္ဓ ဏ္ဓိ ဏ္ဓြ ဏ္ဓြိ ဏ္ဓ ဏ္ဓိ ဏ္ဓီ ဏ္ပ

tma tsa tsi tsī tsna thna thya dga dgi dgī dgra dgrī
ဏ္ဖ ဏ္ဗ ဏ္ဗိ ဏ္ဗီ ဏ္ဘ ဏ္မ ဏ္မျ ဏ္ယ ဏ္ယိ ဏ္ယီ ဏ္ရြ ဏ္ရြီ

dgha dba dbha dbhi dbhra dma dmi dyi dri dhai dhna
ဏ္ဟ ဏ္ဠ ဏ္ဠှ ဏ္ဠှိ ဏ္ဠြှ ဏ္အ ဏ္အိ ဏ္ဢျိ ဏ္ဢြိ ဏ္ဣ ဏ္ဤ

dhma dhya dhyī dhyai dhra dhri dhrī dhvaṁ ntra ntri
ဏ္ဥ ဏ္ဦျ ဏ္ဦျီ ဏ္ဦဲ ဏ္ဧြ ဏ္ဧြိ ဏ္ဧြီ ဏ္ဨ ဏ္ဩ ဏ္ဪ

ntri ntrī nthi ndhra nma pta pti ptī pna pma pla pli
ဏ္ဪိ ဏ္ဪီ ဏ္ါ ဏ္ာြ ဏ္ိ ဏ္ီ ဏ္ု ဏ္ုိ ဏ္ူ ဏ္ူ ဏ္ေ ဏ္ေိ

psa psi bja bda bdha bdhi bhdi bhna bhra mna mpra
ဏ္ဲ ဏ္ဲိ ဏ္ဳ ဏ္ဴ ဏ္ဵ ဏ္ဵိ ဏ္ံ ဏ္း ဏ္ျ ဏ္ွ ဏ္ှ

mbhi mmra mla rka rki rku rga rgi rgu rgya rgra
ဏ္ှိ ဏ္ှြ ဏ္ဿ ဏ္် ဏ္ီ ဏ္ု ဏ္ူ ဏ္ဲ ဏ္ဳ ဏ္ဴ ဏ္ဵ

rgha rghi rca rci rcha rchi rja rji rji rju rjū rjya
ဏ္ံ ဏ္ီ ဏ္း ဏ္ျ ဏ္ွ ဏ္ှ ဏ္ဿ ဏ္် ဏ္ီ ဏ္ု ဏ္ူ ဏ္ဲ

rjha rḍa rḍi rṇa rṇi rṇī rṇya rta rti rtī rtta rtti
ဏ္ဳ ဏ္ဴ ဏ္ဵ ဏ္ံ ဏ္း ဏ္ျ ဏ္ွ ဏ္ှ ဏ္ဿ ဏ္် ဏ္ီ ဏ္ု ဏ္ူ

rtma rtsa rtya rtu rtha rthi rthī rthya rda rdi rdra rddhi
ဏ္ဲ ဏ္ဳ ဏ္ဴ ဏ္ဵ ဏ္ံ ဏ္း ဏ္ျ ဏ္ွ ဏ္ှ ဏ္ဿ ဏ္် ဏ္ီ ဏ္ု

rdva rdya rdha rdhi rdhū rdhma rdhra rdhva rna rni rpa
ဏ္ူ ဏ္ဲ ဏ္ဳ ဏ္ဴ ဏ္ဵ ဏ္ံ ဏ္း ဏ္ျ ဏ္ွ ဏ္ှ ဏ္ဿ ဏ္်

rpi rpū rba rbu rbha rbhi rbhu rbhū rma rmi rmu rmya
ဏ္ီ ဏ္ု ဏ္ူ ဏ္ဲ ဏ္ဳ ဏ္ဴ ဏ္ဵ ဏ္ံ ဏ္း ဏ္ျ ဏ္ွ ဏ္ှ

http://www.dhammadownload.com

ya ryi ryu ryū rla rva rvi rvī rvai rvya rśa rśi rśu
ယ် ယိ ယု ယူ လ် ဝ် ဝိ ဝီ ဝ် ဗျ် ၀် ၀ိ ၀ု

rsva rsha rshi rshu rshū rshya rshyi rha rhi rhrī lka
ဳ် ဟ် ဟိ ဟု ဟူ ဟျ ဟျိ ဟ် ဟိ ဟြီ လ်က

lgi lga lpa lpi lba lbi lbha lma lmī vya vra vrī
လ်ိ လ်ဂ လ်ပ လ်ိ လ်ဗ လ်ိ လ်ဘ လ်မ လ်မီ ဗျ ဗြ ဗြီ

śi śī śu śū śai śaṁ śca ści ścī śna śma śmi śmī
၌ ၌ီ ၍ ၍ူ ၎ ၌ံ ၏ ၏ိ ၏ီ ၐ ၑ ၑိ ၑီ

śya śra śri śrī śla śli ślai śva shi shī shu shū shka
ၒ ၓ ၓိ ၓီ ၔ ၔိ ၔဲ ၕ ၖ ၖီ ၗ ၗူ ၘ်က

shkī shkra shkri shṭa shṭi shṭra shṭri shṭva shṭha shṭhi
ၘ်ကီ ၘ်ကြ ၘ်ကြိ ၘ်ဋ ၘ်ဋိ ၘ်ဋြ ၘ်ဋြိ ၘ်ဋွ ၘ်ဌ ၘ်ဌိ

shṭhī shṇa shṇi shṇī shpa shpi shpī shpra shprī shpha
ၘ်ဌီ ၘ်ဏ ၘ်ဏိ ၘ်ဏီ ၘ်ပ ၘ်ပိ ၘ်ပီ ၘ်ပြ ၘ်ပြီ ၘ်ဖ

shma shya shva ska ski skri skha sta sti stī stha
ၘ်မ ၘ်ယ ၘ်ဝ ၘ်က ၘ်ကိ ၘ်ကြိ ၘ်ခ ၘ်တ ၘ်တိ ၘ်တီ ၘ်ထ

sthi sthī sna sni snai spa spra spha sphī sma sra
ၘ်ထိ ၘ်ထီ ၘ်န ၘ်နိ ၘ်နဲ ၘ်ပ ၘ်ပြ ၘ်ဖ ၘ်ဖီ ၘ်မ ၘ်ရ

sla hṇa hna hni hya hra hri hrī hla ḷha ḷhi ḷhī
ၘ်လ ဟ်ဏ ဟ်န ဟ်နိ ဟ်ယ ဟ်ရ ဟ်ရိ ဟ်ရီ ဟ်လ ဠ ဠိ ဠီ

အသတ်ဖြင့်ပြသော ဤအက္ခရာတို့သည် သရမယိုကြောင်းပြသည်—

kk kkh kṭ ksh kh gg ggh ṅk ṅksh ṅkh ṅg
က်က် က်ခ် က်ဋ် က်ဆ် ခ် ဂ်ဂ် ဂ်ဃ် င်က် င်က္ခ် င်ခ် င်ဂ်

http://www.dhammadownload.com

ṅgh	cc	cch	cchr	jj	jjh	ñc	ñch	ñj	ṭṭ	ḍ	ḍḍ	ḍḍh	ṇṭ
ඞ්	ච්	ච්ඡ	ච්ඡ්‍ර	ජ්	ජ්ඣ	ඤ්ච	ඤ්ඡ	ඤ්ජ	ට්ට්	ඩ්	ඩ්ඩ්	ඩ්ඪ්	ණ්ට්
ṇṭh	ṇṭ	ṇṇ	tt	tth	th	dd	ddh	dh	nt	ntr	nth	nd	ndh
ණ්ඨ්	ණ්ඩ්	ණ්ණ්	ත්ත්	ත්ථ්	ත්	ද්ද්	ද්ධ්	ද්	න්ත්	න්ත්‍ර	න්ථ්	න්ද්	න්ධ්
pp	pph	b	bb	bbh	bh	mp	mb	mbh	rk	rg	rgh	rch	rj
ප්ප්	ප්ඵ්	බ්	බ්බ්	බ්භ්	භ්	ම්ප්	ම්බ්	ම්භ්	ර්ක්	ර්ග්	ර්ඝ්	ර්ච්	ර්ජ්
rṇ	rt	rth	rshy	ll	s	sh	ss						
ර්ණ්	ර්ත්	ර්ථ්	ර්ෂ්‍ය	ල්ල්	ස්	ෂ්	ස්ස්						

၁၈။ ဤအဘိဓာန်၌ အသုံးပြုသော သင်္ကေတတို့မှာ—

(ပ) = ပုလ္လိင်။	(ဥ) = ဥပသာရပုဒ်။	နာ = နာမဓာတ်။
(ဗ္ဗ) = ဗ္ဗတ္ထိလိင်။	√ = မာတ်။	ဝတ္တ-ကိတ် = ဝတ္တမာနကိတ်။
(န) = နပုလ္လိင်။	(အာ) = အာချာတ်ပုဒ်။	တီ-ကိတ် = အတီတကိတ်။
(တိ) = လိင်သုံးပါး။	(ကာ) = ကာရိုက်ကြိယာ။	အ-ကိတ် = အမျယကိတ်။
(နိ) = နိပါတ်ပုဒ်။	(ဧ) = ဧကဝုစ်။	ကမ္မ = ကမ္မဝါစက။
(အ) = အမျယပုဒ်။	(ဗ) = ဗဟုဝုစ်။	အဇ္ဇ = အဇ္ဇတနိ ဝိဘာတ်။

၁၉။ ကျွန်ုပ်သည် ဤအဘိဓာန်ကို တယောက်အထီးထည်း အကူအညီမယိုဘဲ အားထုတ်ကြိုးပမ်းခဲ့လေရာ တဆယ့်နှစ်နှစ်ကျော်ကြာမှ ပြီးမြောက်လေသည်။ လွန်စွာဂရုစိုက်ပါသော်လည်း အမှားအယွင်းမပါဟု မဆိုသာချေ။ အမှားအယွင်းတို့ကို တွေ့ကြုံပါက ဉာဏ်ပညာအမြော်အမြင်ဖြင့် ဆင်ခြင်ပြီးလျှင် ပြင်ဆင်၍ဘတ်ရှုကြပါကုန်။ ထိုမှ ထပ်ါးလည်း ဤအဘိဓာန်၌ အဘယ်နေရာတွင်ပိုသည် အဘယ်နေရာတွင်လိုသည် အဘယ်နေရာတွင် အမှားအယွင်း တို့ကိုတွေ့ရသည် စသည်ဖြင့် ကျွန်ုပ်ထံအကြောင်းကြားပါက ဤအဘိဓာန်ကို နောက်ထပ်ရိုက်နှိပ်ခွင့်ကြိုလျှင် လိုရာ၌ ပြင်ဆင်ရေးသားပါမည်။

၂၀။ ဤအဘိဓာန်ကို ပြည်ထောင်စုနိုင်ငံတော် အစိုးရစာပုံနှိပ်တိုက်၌ ရိုက်နှိပ်စေသဖြင့် နိုင်ငံတော်အစိုးရ အဖွဲ့အား များစွာကျေးဇူးတင်ပါသည်။ ဤမူလောက်ကြီးသောစာအုပ်ကို အထောက်အပံ့မရဘဲ ရိုက်နှိပ်ထုတ်ဝေခြင်း မပြုနိုင်ပေရာ။ အထူးအားဖြင့်ကား ဝန်ကြီးချုပ် သခင်နု၊ ဘဏ္ဍာရေးဝန်ကြီး မြန်မာ့အလင်း ဦးတင်၊ ပညာ့ရေးဝန်ကြီး ဦးဝင်း၊ ညွှန်ကြားရေးဝန်ကြီး ဦးထွန်းဖေ၊ ညွှန်ကြားရေးဝန် ဦးသန့် တို့ကို ကျေးဇူးတင်ပါသည်။ ပါဠိပါမောက္ခ

http://www.dhammadownload.com

